ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်၊ သောကြာနေ့၊ (15-7-2005) (၄၆၅၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှာစကားပြောကြား

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။

(ပြည်ထဲရေး)

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တာဝန်(၃)ရပ် ကျေကျေပွန်ပွန် ထမ်းရွက်နိုင်ရန် အစဉ်ကြိုးပမ်း တပ်ဖွဲ့၏ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် လုပ်ရပ်များကို အောက်ခြေအထိ ကြပ်ကြပ်မတ်မတ်တားဆီး

အရေးကြုံလျှင် တပ်မတော်နှင့်လက်တွဲပြီး နိုင်ငံတော်ကို ကာကွယ်နိုင်ရန် အင်အားတောင့်တင်းအောင်၊ စွမ်းရည်ရှိအောင် အမြဲမပြတ် ပြင်ဆင်ထား

ရန်ကုန် ဇူလိုင် ၁၄

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၇ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အစည်းအဝေးခန်းမဌကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်းများမှ ရဲတပ်ဖွဲ့မှူးများနှင့် ရဲတပ်ရင်းမှူးများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

မကွေးတိုင်း ပေါက်မြို့နယ် ပခုက္ကူ–ပေါက်–ထီးလင်း–ဂန့်ဂေါလမ်းပေါ်တွင်တည်ရှိပြီး ဇူလိုင် ၁၃ ရက်က ဖွင့်လှစ်လိုက်သော အမှတ်(၁)ပေါက်တံတား (အုန်းတော)ကို တွေ့ရစဉ်။ (သတင်း–၁၂)

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

မြေးမုံ The Mirror

၁၅-၇-၂၀၀၅
(သောကြာနေ့)

အမျိုးသားရေးအမွေ ထိန်းသိမ်းကာကွယ် ပြည်ထောင်စုကိုထိပါးသူမှန်သမျှ တွန်းလှန်ဖယ်ရှား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးအင်အားစုကြီးဖြစ်သည်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သောနိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ ပူးပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်နေသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုတည်ဆောက်ရာတွင် ကျစ်လျစ်သိပ်သည်းခိုင်မာသည့် အရည်အသွေး၊ အသိပညာ၊ အတတ်ပညာ၊ နည်းပညာစသည့် စွမ်းရည်များဖြင့် ပြည့်စုံရမည်ဖြစ်သည်။ အဆိုပါ စွမ်းရည်များဖြင့်အခြေခံကောင်းများကိုသဟဇာတဖြစ်စေရန် ဖန်တီးဖော်ဆောင်နိုင်မှသာ နိုင်ငံတော် အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး ပြည်သူများ၏ဘဝ ပြည့်စုံလုံခြုံမှုအပြည့်အဝရရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက လူငယ်များအား ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးရေးနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းနိုင်ရေးအတွက် သင်တန်းများ ပို့ချပေးလျက်ရှိသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးမြင့်မားရေး၊ အသိပညာ၊ အတတ်ပညာ၊ အသက်မွေး ဝမ်းကျောင်းပညာနှင့် ခေတ်မီနည်းပညာများကို စဉ်ဆက်မပြတ် သင်ကြားလေ့ကျင့်ပျိုးထောင်ပေးနေသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ် (၈) သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင်လ ၁၃ ရက်နေ့က မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်းပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းတက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် **နိုင်ငံသားတိုင်းပြည်ထောင်စုကြီး၏ တန်ဖိုး၊ အချုပ်အခြာအာဏာ၏တန်ဖိုး၊ လွတ်လပ်ရေး၏တန်ဖိုး၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၏ တန်ဖိုးကို နားလည်သဘောပေါက်ပြီး ပြည်ထောင်စုကြီးမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးကို စောင့်ထိန်းကာကွယ်တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း** မှာကြားသွားသည်။

ယခုဖွင့်လှစ်ခဲ့သော မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်းသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ရာတွင် နိုင်ငံ့သားကောင်းလူငယ်စွမ်းအားစုကြီး ဖြစ်ပေါ်လာရေးနှင့် ပါဝင်စွမ်းဆောင်နိုင်ရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးမှုများ၌ တစ်ခုအပါအဝင်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများနှင့် နိုင်ငံတကာရေးရာ ဘာသာရပ်များကို ပို့ချပေးခဲ့သည်။ မြန်မာ့ပြည်တွင်းရေး၏ အစစ်အမှန်တရားများကို ကာလသုံးပါးနှင့်ဆက်စပ်ပြီး ဘဝအတွေ့အကြုံနှင့် ယှဉ်တွဲဆန်းစစ် လေ့လာနိုင်ခဲ့ကြသည့်အပြင် မြန်မာ့ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်လွှမ်းမိုးလိုသည့် ပြည်ပနိုင်ငံကြီးအချို့၏ အတွင်းသရုပ်မှန်ကိုလည်း ပကတိ အခြေအနေအတိုင်း သိမြင်နိုင်ကြမည်ဖြစ်သည်။

ယနေ့ကာလတွင် ပြည်ပြေးလက်တစ်ဆုပ်စာလူတစ်စုနှင့် ပြည်ပနိုင်ငံအချို့တို့က လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် အခြားအကြောင်းပြချက်များဖြင့် မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ဝေဖန်နေကြသည်။ နိုင်ငံတော်၏ လွတ်လပ်သည့်ကိုယ်ပိုင်အမျိုးသားရေးရပ်တည်ချက်ကို ထိပါးစေသော ပြည်ပစွက်ဖက်နှောင့်ယှက်မှုလုပ်ရပ်များပင်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ ပြည်ထောင်စုဖြိုခွဲရေး လုပ်ကြံဖန်တီးမှုများနှင့် အဖျက်လုပ်ရပ်များကို ရှင်းရှင်းလင်းလင်း သိမြင်ထားကြရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ မျိုးဆက်သစ်လူငယ်များအပါအဝင် နိုင်ငံသားတိုင်းက ပြည်ထောင်စုကြီး ထာဝရအစွန့်ရှည်တည်တံ့ခိုင်မြဲစေရေး အမျိုးသားရေးအမွေကို လက်ဆင့်ကမ်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရင်း ပြည်ထောင်စုကြီးကို ထိပါးလာသူ၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားထိခိုက်ဆုံးရှုံးစေရန် ထိပါးနှောင့်ယှက်လာသူ ပြည်တွင်း၊ ပြည်ပအဖျက်သမားမှန်သမျှကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စွမ်းအား၊ စည်းလုံးညီညွတ်မှုအင်အားဖြင့် တွန်းလှန်ဖယ်ရှားသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ထူးချွန်အရာရှိ၊ စစ်သည်မိသားစုဝင်များအား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၄

၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ထူးချွန်အရာရှိ၊ စစ်သည် မိသားစုဝင်များအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်၍ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း ရန်ကုန်တိုင်း စစ်ဌာနချုပ်ဂုဏ်ကို ဆောင်ခဲ့ကြသည့် ထူးချွန်အရာရှိ၊ စစ်သည်မိသားစုဝင်များအား ဆုချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားသည်။

ဂုဏ်ပြုဆု

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဗဟိုအဆင့် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲတွင် အရာရှိအဆင့်၌ ဒုတိယဆုရရှိသည့် ဗိုလ်ကြီးဒေါ်ဖြူဖြူဖွေးမြင့်၊ အကြပ်အဆင့်၌ ပထမဆုရရှိသည့် ဒုတိယတပ်ကြပ်အောင်မြင့်ဦး၊တပ်သားအဆင့်၌ ဒုတိယဆုရရှိသည့် တပ်သား ကောင်းမြတ်ထွေးနှင့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် အကြပ်ကြီးအဆင့်၌ တတိယဆုရရှိသည့် တပ်ကြပ်ကြီးဝင်းထက်တို့ကိုလည်းကောင်း၊ စွမ်းရည်သုံးရပ် ထူးချွန်ဆုရရှိသည့် တပ်ရင်းတပ်ဖွဲ့များကိုလည်းကောင်း၊ ၂၀၀၄-၂၀၀၅ ခုနှစ် စပါးပန်းတိုင်အထွက်နှုန်း ပြည့်မီဆုရရှိသည့် တပ်အားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် တာဝန်ရှိသူများက သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် အရာရှိ၊ စစ်သည်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုများရရှိခဲ့ကြသည့် အားကစားသမားများနှင့် ထူးချွန်အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးနှင့် အရာရှိကြီးများ၏ ဇနီးများက တက္ကသိုလ်အဆင့်နှင့် အခြေခံပညာအထက်တန်းအဆင့် စာမေးပွဲများ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊လေ) အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုများရရှိခဲ့ကြသည့် အမျိုးသမီး အားကစားသမားများ၊ နေအိမ်သန့်ရှင်း ရေးနှင့် စိုက်ပျိုးရေးထူးချွန်ဆုရရှိသူများနှင့် ထူးချွန်မိသားစုဝင်များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ရန်ကုန်တိုင်း)

ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက်ရှိ အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်းမှ အငြိမ်းစားယူသွားသော ကျောင်း အုပ်ဆရာမကြီး ဒေါ်စိန်မြိုင်အား ဂုဏ်ပြုပွဲကို ဇူလိုင် ၁၂ ရက်က ကျင်းပရာ ဗဟန်းမြို့နယ် ပညာရေးဝန်ထမ်းများက ဂုဏ်ပြုချီးမြှင့်သော ငွေကျပ် သုံးသောင်းငါးထောင်ကို ဆရာမကြီး ဒေါ်စိန်မြိုင်က မြို့နယ်အတွင်းရှိ ချို့တဲ့ကျောင်းသားများအတွက် မြို့နယ် ပညာရေးမှူး ဒေါ်ကြူကြူရွှေသို့ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဝါတွင်းတရားစခန်း

ရန်ကုန် ဇူလိုင် ၁၄

သာကေတမြို့နယ် အောင်စကြာမိုးကုတ်ရိပ်သာကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းတရားစခန်းပွဲတွင် ဝါဆိုလပြည့်ကျော် ၆ရက်မှ ၁၅ရက်အထိ ဦးသုမနာစာရ၊ ဝါခေါင်လဆန်း ၆ရက်မှ ၁၅ရက်အထိ ဦးကေသဝ၊ ဝါခေါင်လပြည့်ကျော် ၅ရက်မှ ၁၄ရက်အထိ ဦးဝိစိတ္တ၊ တော်သလင်းလဆန်း ၆ရက်မှ ၁၅ရက်အထိ ဦးဓမ္မသာရ၊ တော်သလင်းလပြည့်ကျော် ၆ရက်မှ ၁၅ရက်အထိဦးကုဏ္ဍလ၊ သီတင်းကျွတ်လဆန်း ၆ရက်မှ ၁၅ရက်အထိ ဘဒ္ဒန္တဝိမလဗုဒ္ဓိ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၊ ဦးစန္ဒောဘာသနှင့် ဆရာဦးဆန်းတင်တို့ကဟောကြားသွားမည်ဟုသိရသည်။

(က-ပ)

ပုပ္ပားကျောင်း ဝါဆိုတရားပွဲ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုပ္ပားကျောင်းတိုက် ပဓာန နာယက ဘဒ္ဒန္တ ပဏ္ဍိစ္စကြီးမှူး၍ ၁၃၆၇ခု ဝါဆိုလဆန်း ၁၂ရက်မှ လပြည့်ကျော် ၅ ရက်အထိ မဟာသတိပဋ္ဌာန် ဝိပဿနာတရားစခန်းပွဲ ကျင်းပမည်ဖြစ်ပြီး ဝါဆိုလပြည့်နေ့ မွန်းလွဲ ၁နာရီတွင် ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများ ဝါဆိုလဆန်း ၁၂ရက် အရောက်လာရမည်ဖြစ်ပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ဝါဆိုသင်္ကန်းအတွက် ဖုန်း-၆၀၀၀၂၈ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၇-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၅	၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀	၈။ **အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှု အစီအစဉ် ပညာရေးဆိုင်ရာမင်္ဂလာများ (ပထမနှစ်- အရှေ့တိုင်းပညာ)**
၅:၄၅	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၄။ **ကာတွန်းအစီအစဉ် "ရှောင်လင်လူစွမ်းကောင်းလေး" (အပိုင်း-၁၄)**
၆:၅၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "၂၄ နာရီ" (အပိုင်း-၂၁)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကန္တာတောခြေ" (အပိုင်း-၉)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

ပြန်ကြားရေးဝန်ကြီးဌာနမိသားစု အငှမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း တက်ရောက်ကြည်ညို

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာနမိသားစု အငှမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲအလှူတော် မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်း မဟာအောင်မြေဘုံစံကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၄

ပြန်ကြားရေးဝန်ကြီးဌာနမိသားစု အငှမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အိမ်တော်ရာဘုရားဝင်းအတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့ တက်ရောက်ကြည်ညိုကြပြီး ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အဆိုပါ အလှူတော်မင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်း မဟာအောင်မြေဘုံစံကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒဂုံမြို့နယ် ဒဂုံပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏာနန္ဒတို့အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကြံပေး ပုဂ္ဂိုလ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာ၊ ဒုတိယ အထွေထွေမန်နေဂျာနှင့် ညွှန်ကြားရေးမှူးများ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌများ၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း စာတည်းမှူးချုပ်နှင့် အထူးဖိတ်ကြားထားသူများ၊ ပြန်ကြား ရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန မိသားစု အငှမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲအလှူတော်မင်္ဂလာအနုမောဒနာ တရားနာယူခြင်းနှင့် ရေစက်သွန်းချ အခမ်းအနားကို နံနက် ၁၁နာရီတွင် ဒဂုံပရိယတ္တိစာသင်တိုက် ရွှေဘုံသာ သိမ်ကျောင်းတော်၌ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဒဂုံပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏာနန္ဒထံမှ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အမှူးပြုသော ပရိသတ်တို့က ငါးပါး သီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်များက မေတ္တာသုတ်အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်း မဟာအောင်မြေဘုံစံကျောင်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများနှင့် ဧည့်သည်တော်များက ဒဂုံပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏာနန္ဒအမှူးပြုသော ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်း မဟာအောင်မြေဘုံစံကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့ အမှူးပြုသော ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဝန်ကြီးအမှူးပြုသော ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် ဆရာတော်သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး အလှူတော်မင်္ဂလာအခမ်းအနားကို မွန်းတည့် ၁၂နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဝါတွင်းမိုးကုတ်ဝိပဿနာ တရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက် သဇင်ရေကျော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဦးဉာဏဘာသ(ဓမ္မာစရိယ)က ဝါတွင်း ဝါဆို၊ဝါခေါင်၊တော်သလင်းလများတွင် ခုနစ်ရက်တရားစခန်းများကို လစဉ် လပြည့်ကျော် ၈ရက် နေ့တိုင်း ကျင်းပမည်ဖြစ်၍ စခန်းဝင်လိုသော ယောဂီများသည် လစဉ် လပြည့်ကျော် ၇ရက်တွင် သဇင်ရေကျော်ကျောင်းသို့ လာရောက် စခန်းဝင်နိုင်ကြောင်းနှင့် သိလိုပါက ဖုန်း-၆၆၄၈၆၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(က-ပ)

ကျုံမငေးအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၄

ကျုံမငေးအသင်း(ရန်ကုန်)၏ (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီမှ နံနက် ၁၀နာရီအထိ ကျုံမငေးအသင်းတည်ရှိရာ အမှတ်(၅၇) လှည်းတန်းလမ်း လမ်းမတော်မြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ သင်္ကန်းဒွိစုံများနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဇူလိုင် ၂၃ရက်နောက်ဆုံးထား၍ ဦးအုန်းမောင်(ဥက္ကဋ္ဌ) ဖုန်း-၂၂၄၇၅၅၊ ဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၅၇၈၁၉၇၊ ဦးမျိုးသန့်(အတွင်းရေးမှူး) ဖုန်း-၅၄၀၈၈၃၊ ဦးစိန်လျှံ ဖုန်း-၂၈၅၈၁၁၊ ဦးခင်မောင်မြင့် ဖုန်း-၂၂၄၃၂၆၊ အသင်းတိုက် ဖုန်း-၂၂၇၅၅၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

သစ်တောရေးရာဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၁၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး (၁၆)ကြိမ်မြောက် ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၅နာရီခွဲတွင် ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာရိပ်သာရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်ဇနီး၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့် ဝန်ထမ်းမိသားစုများက ရန်ကင်းမြို့နယ် ဓမ္မစကြာရိပ်သာကျောင်းဆရာတော် သာသနာ့ဇောသိရီပဝရ ဓမ္မာစရိယ မဟာကမ္မဋ္ဌာနာစရိယ ဉာဏသာမိအမှူးရှိသော သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် ဆန်၊ ဆီ စသည့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

သွေးလှူဒါန်း အလှူငွေပေးအပ်

ရန်ကုန် ဇူလိုင် ၁၄

ကမ္ဘာ့သာသနာပြုဆရာတော် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)နှင့် သထုံမြို့ သာသနာပြု အလင်းစေတမန်အဖွဲ့မှ ၇၂ဦးတို့သည် ဇူလိုင် ၁၁ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ သွေးလှူဒါန်းကြပြီး သွေးလှူဘဏ်အတွက် ငွေကျပ် ၂၀၀၀၀၀ကို တာဝန်ခံဆရာဝန်ကြီးအား ပေးအပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ဖော်လျက်ရှိပုံ ဟောပြောပို့ချ

ရန်ကုန် ဇူလိုင် ၁၄

မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ် (၂၂)နှင့် (၂၃)တို့မှ သင်တန်းသား ၂၀၀ကျော်အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားရေးမူဝါဒများ မှန်ကန်မှန်မြတ်ပုံနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်လျက်ရှိပုံတို့ကို ဟောပြောပို့ချသည်။

(သတင်းစဉ်)

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ

ရန်ကုန် ဇူလိုင် ၁၄

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် Mikko Food Co., Ltd, တို့ ကြီးမှူးကျင်းပသည့် အသက်(၂၀) အောက်နှင့် ၂၀၀၅ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ယနေ့ ဆက်လက်ကျင်းပသည်။

အမျိုးသားတံခွန်စိုက်ပြိုင်ပွဲ အမျိုးသားကွာတား ဖိုင်နယ်ပွဲစဉ်၌ စက်မှု-၁(က)အသင်းက Lion အသင်းကို ၆၈မှတ်၊ ၆၄မှတ်၊ လယ်/ဆည်က S NEAT အသင်းကို ၁၁၂မှတ်-၆၃မှတ်၊ ကီမိုနိုဟောက်စ်က ရကတကို ၅၈မှတ်-၅၄မှတ်ဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့တက်သွားသည်။

အမျိုးသမီး ပတ်လည်ပြိုင်ပွဲတွင် လယ်/ဆည်က စက်မှု-၁(ခ)ကို ၉၃မှတ်-၃၁မှတ်ဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်သွားသည်။ (ကြေးမုံ)

ဇူလိုင် ၁၀ရက်က မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)နှင့် ကျောင်းတိုက်ဝေယျာဝစ္စအဖွဲ့တို့ ပူးပေါင်း၍ ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဘီအိုစီ ပိဋကတ်တိုက်ကျောင်း၌ ကျင်းပရာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒဝရ(မဟာဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မာစရိယ၊ အမ်အေ) အမှူးပြုသော သံဃာတော်များအား အသင်းအတွင်းရေးမှူး ဦးလှဖေနှင့် အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အသက် (၂၀)အောက်နှင့် ၂၀၀၅ခုနှစ် အမျိုးသားတံခွန်စိုက်ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသားအကြီးတန်းပြိုင်ပွဲတွင် လယ်/ဆည်အသင်းနှင့် S N EATအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။ (ကြေးမုံ)

မိုဇမ်ဘစ်တွင် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးလုပ်ငန်း စံနမူနာထားဆောင်ရွက်ရန် သမ္မတ တိုက်တွန်း

မာပူတို ဇူလိုင် ၁၃

မိုဇမ်ဘစ်နိုင်ငံတွင် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးအတွက် စံနမူနာထားဆောင်ရွက်ရန် ဗဟိုအဆင့်မှ မြို့နယ် ကျေးရွာအဆင့်ထိ အုပ်ချုပ်သူအရာရှိများကို မိုဇမ်ဘစ်သမ္မတ အာမန်ဒိုဂူဘူဇာက သောကြာနေ့တွင် တိုက်တွန်းပြောကြားသည်။

သုံးရက်ကြာပြုလုပ်သော ဝန်ကြီးအဆင့်ဆွေးနွေးပွဲကို ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ ဝန်ကြီးများရုံး အတွင်းဝန်များ၊ ပါလီမန်ကိုယ်စားလှယ်များနှင့် အာဏာရဖရီလီမိုပါတီမှ ခေါင်းဆောင်များ တက်ရောက်ကြသည်။ ထိုဆွေးနွေးပွဲဖွင့်ပွဲတွင် သမ္မတဂူဘူဇာက မိန့်ခွန်းပြောကြားသည်။

ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများအပေါ်ထားရှိသော သဘောထားများကို ပြောင်းလဲ၍ ဆင်းရဲမှုတိုက်ဖျက်ရာတွင် စံနမူနာပြအဖြစ် ဆောင်ရွက်ကြရန် အုပ်ချုပ်သူများအား ဂူဘူဇာက တိုက်တွန်းပြောကြားသည်။

အလုပ်ကို အချိန်မီလာရောက်ရုံဖြင့် လုပ်ငန်းများတွင် တာဝန်ကျေပြီဟု မယူဆသင့်ကြောင်း ဂူဘူဇာက ပြောကြားသည်။ လူတစ်ဦးစီ၏ လုပ်ရည်ကိုင်ရည်အရည်အချင်းများ၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေရန် မိမိတို့ အားပေးဆောင်ရွက်ရမည်ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။ လူ၊ ပစ္စည်းနှင့် ငွေကြေးအရင်းအနှီးများကို အကောင်းဆုံး အသုံးချကြရန်လည်း သမ္မတက ပြောကြားသည်။

မိုဇမ်ဘစ်နိုင်ငံ၏ ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် အတားအဆီးများကို ဖြတ်ကျော်ပြီး မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်ဟု ၎င်းက တိုက်တွန်း ပြောကြားသည်။ အသားရောင်ခွဲခြားရေးမူဝါဒ၊ ကြိုးနီစနစ်၊ အကျင့်ပျက်မှု၊ ပြစ်မှုနှင့် ကူးစက်ရောဂါများ စသည်တို့သည် နိုင်ငံ၏တိုးတက်ရာတိုးတက်ကြောင်း ဆောင်ရွက်ရာတွင် အတားအဆီးသဖွယ် ပါဝင်နေသည့်အတွက် ကြိုးစားတိုက်ဖျက်ကြရန် ၎င်းက ထပ်မံပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဂိုလာနိုင်ငံတွင် လူဦးရေတိုးမည်

လူအန်ဒါ ဇူလိုင် ၁၃

အင်ဂိုလာနိုင်ငံတွင် လာမည့်နှစ်များအတွင်း လူဦးရေတိုးတက်လာမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်ထက် နောက်မကျဘဲ လူဦးရေသန်း ၂၀ ရှိလာနိုင်ကြောင်း စီမံကိန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်ဂိုလာနိုင်ငံ၏ လက်ရှိလူဦးရေမှာ ၁၃ သန်းမှ ၁၅ သန်းအတွင်းရှိကြောင်း၊ ကမ္ဘာ့လူဦးရေနေ့ အကြိုကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးဌာန၏ လူဦးရေစိစစ်ရေးဌာန ညွှန်ကြားရေးမှူး ပီဒရိုကီလာက ပြောကြားသည်။ အသက် ၁၅ နှစ်မှ ၆၀ အတွင်းရှိ လူဦးရေမှာ ၈ ဒသမ ၅ သန်းနီးပါးရှိကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရုရှား ကမ်းဝေးပင်လယ်ငါးဖမ်းဆီးမှု လာမည့်နှစ်အနည်းငယ်အတွင်း တိုးချဲ့သွားမည်

မော်စကို ဇူလိုင် ၁၃

ရုရှားနိုင်ငံ ပြည်တွင်းငါးဈေးကွက်တွင် ဝယ်လိုအားများပြားလာမှုကို ဖြည့်ဆည်းရန်အတွက် လာမည့်တစ်နှစ်၊ နှစ်နှစ်အတွင်း ရုရှားငါးဖမ်းလုပ်ငန်းကို ပင်လယ်ပြင်အတွင်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ဇူလိုင်၈ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ဆိုဗီယက်ပြည်ထောင်စု မပြိုကွဲမီအချိန်က ရုရှားနိုင်ငံသည် လိုအပ်သော ပြည်တွင်းစားသုံးမှု ဝယ်လိုအားကို ဖြည့်ဆည်းရန် ကမ်းဝေးငါးဖမ်းလုပ်ငန်းမှ ဖမ်းဆီးရမိမှုအပေါ်တွင် ၈၀ ရာခိုင်နှုန်းအထိ အားထားခဲ့ရသည်။ လတ်တလော အခြေအနေတွင် ရုရှားနိုင်ငံ၏ ငါးဖမ်းဆီးမှုအခြေအနေသည် ယခင်အခါကရှိနေသော ဖမ်းဆီးရမိသည့်ပမာဏထက် ၁၀ရာခိုင်နှုန်းသာသာမျှသာ ပိုမိုများပြားလာခဲ့သည်ဟု ငါးလုပ်ငန်းအကြီးအကဲ စတာနီစလဗ်အိုင်ယာဆော့ဖ်က အီတာတပ်စ်သတင်းဌာနသို့ ပြောကြားသည်။

ကျန်းမာရေးဆေးပညာသဘောအရ လူတစ်ဦးသည် တစ်နှစ်လျှင် ငါး ၂၃ကီလိုဂရမ် စားသုံးရမည်ဟုဆိုသည်။ နိုင်ငံအနေဖြင့် ထိုငါးလိုအပ်ချက်ပမာဏကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်ခြင်းမရှိကြောင်းသိရသည်။ ရုရှားပြည်တွင်းဈေးကွက်၏ ငါးလိုအပ်ချက်ထက် ထက်ဝက်ကျော်ကို ပြည်ပဈေးကွက်မှ ရယူဖြည့်ဆည်းခဲ့ရသည်။ အိုင်ယာဆော့ဖ်၏ ပြောကြားချက်အရ ရုရှားလူမျိုးတစ်ဦး တစ်နှစ်ငါးစားသုံးမှုပမာဏမှာ ၁၁ကီလိုဂရမ်သာရှိသည်ဟု ဆိုသည်။ ရုရှားနိုင်ငံအနေဖြင့် ပြည်တွင်းငါးစားသုံးမှုကို တိုးချဲ့၍ ဖြည့်ဆည်းသွားရန်အတွက် လာမည့်နှစ်နှစ်၊ သုံးနှစ်အတွင်း ဖြည့်ဆည်းနိုင်လိမ့်မည်ဟု အိုင်ယာဆော့ဖ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်အနောက်ပိုင်းတွင် ကန်မရိန်းတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၃

အီရတ်နိုင်ငံ အန်ဘာပြည်နယ် ဟစ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ရေး လှုပ်ရှားမှုများ ပြုလုပ်စဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားခဲ့ကြောင်းဖြင့် အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

အမှတ်(၂) မရိန်းတပ်မှ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်နှစ်ဦး ဇူလိုင်၁၀ ရက်က ပစ်ခတ်ခံရမှုကြောင့် သေဆုံးခဲ့သည်ဟု အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

ဟစ်မြို့တွင် တိုက်ခိုက်ရေးလှုပ်ရှားမှု ပြုလုပ်စဉ်အတွင်း တိုက်ရိုက်မဟုတ်သည့်ပစ်ခတ်မှုကြောင့် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့သည်ဟု ကြေညာချက်တွင်ပါရှိသည်။

ယင်းကြေညာချက်တွင် ထိုဖြစ်ရပ်နှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြမှုမရှိကြောင်း၊ သေဆုံးသူများ၏ မိသားစုများထံ အကြောင်းကြားစဉ်အတွင်း သေဆုံးသူများ၏ နာမည်ကြေညာမှုမရှိသေးကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖလော်ရီဒါပြည်နယ် ကီးဝက်စ်ဒေသတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လမ်းများ ရေလွှမ်းနေသည်ကို ဇူလိုင် ၁၁ ရက် တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက် ဘင်္ဂလားဒေ့ရှ်တွင် စမ်းသပ်မှု အောင်မြင်

ဒါကာ ဇူလိုင် ၁၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဦးဆုံး လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ကို ရေ့ပြေး စမ်းသပ်လည်ပတ်ထုတ်လုပ်ကြည့်ရာ အောင်မြင်ကြောင်း သိရှိရသည်။

လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ကို လွန်ခဲ့သော လေးလတာကာလမှစ၍ စမ်းသပ်ထုတ်လုပ်ကြည့်ရာ တစ်နေ့လျှင် တစ်မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်သည်ဟု ဘင်္ဂလားဒေ့ရှ် ဓာတ်အား ဖွံ့ဖြိုးရေးဘုတ်အဖွဲ့ (ပီဒီဘီ)၏ ဇူလိုင် ၉ရက်နေ့ ပြောကြားချက်ကို ကိုးကား၍ ဘင်္ဂလားဒေ့ရှ် အော့ဇာဘာ သတင်းစာက ဖော်ပြသည်။

အဆိုပါ လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်လေးလုံးကို အိန္ဒိယနိုင်ငံ အင်အီးပီစီကုမ္ပဏီ၏ အကူအညီဖြင့် ပီဒီဘီဘုတ်အဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ဘက် စစ်တကောင်းဒေသ ဖီနီခရိုင်မူဟာရီမြို့တွင် တည်ဆောက်ခဲ့သည်။ ထိုလေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်စက်များတွင် ရွက်သုံးခုပါဝင်သော လေရဟတ်များ တပ်ဆင်ထားသည်။

ထိုလေရဟတ်များသည် အမြင့်ပေ ၅၀ ရှိပြီး တစ်လုံးလျှင် ၂၂၅ကီလိုဝပ် ထုတ်လုပ်နိုင်စွမ်းရှိကာ တစ်လုံး တည်ဆောက်စရိတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃သန်းရှိကြောင်းအော့ဇာဘာ သတင်းစာတွင် ရေးသားထားသည်။

ဘင်္ဂလားဒေ့ရှ် ကမ်းခြေဒေသ၌ တစ်စတုရန်းကီလိုမီတာလျှင် လေရဟတ် အလုံး ၃၀တည်ဆောက်ခြင်းဖြင့် လျှပ်စစ်စွမ်းအင် မဂ္ဂါဝပ် ၂၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

လက်ရှိအခြေအနေတွင်ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစုစုပေါင်းတွင် ၉၀ ရာခိုင်နှုန်းသော ဓာတ်အားကို သဘာဝဓာတ်ငွေ့အသုံးပြုပြီး ထုတ်လုပ်ပေးနေခြင်းဖြစ်သည်။ လတ်တလောအသုံးပြုနေသော နှုန်းအတိုင်းသာ သဘာဝဓာတ်ငွေ့ကို ထုတ်ယူအသုံးပြုမည်ဆိုလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ သဘာဝဓာတ်ငွေ့သိုက်မှာ နောက် ၁၅နှစ်တာကာလအတွင်း ကုန်ခန်းသွားစရာရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးဖောက်ခွဲ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေသည်ကို ဇူလိုင် ၁၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက် တပ်သားစုဆောင်းရေးဌာန တိုက်ခိုက်ခံရ အီရတ်ရှိ ဇာကာဝီအုပ်စု၏လက်ချက်ဟု ကြေညာ

ဘဂ္ဂဒက် ဇူလိုင် ၁၃

လူအများ သေဆုံးစေခဲ့သည့် ဘဂ္ဂဒက်မြို့တော်ရှိ တပ်သားစုဆောင်းရေးဌာနအား ဗုံးခွဲတိုက်ခိုက်မှုနှင့်ပတ်သက်၍ အီရတ်မှ အယ်လ်-ဇာကာဝီအယ်လ်ခိုင်ဒါအုပ်စုက ၎င်းတို့ တာဝန်ရှိကြောင်း တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။

တပ်သား စုဆောင်းရေးဌာနတွင် လာရောက်လျှောက်ထားသူ အများစု၏ကြားတွင် ဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အဆိုပါအုပ်စုက အစ္စလာမ္မစ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဗုံးဖောက်ခွဲသူက ဘဂ္ဂဒက်မြို့လယ် အလာဝီဒေသအနီးရှိ အီရတ်ကြည်းတပ် တပ်သားစုဆောင်းရေးဌာနတွင် တနင်္ဂနွေနေ့ နံနက် ၉ နာရီက ဗုံးဖောက်ခွဲမှုကြောင့် လူ၂၀ ကျော်သေဆုံးပြီး အခြားလူ ၃၇ ဦးခန့်ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ရဲအရာရှိ တစ်ဦးက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ဗုံးဖောက်ခွဲသူက ပေါက်ကွဲစရာပစ္စည်းပါသည့် ခါးပတ်ပတ်ထားပြီး ဘဂ္ဂဒက်မြို့လယ်ရှိ အီရတ်ကြည်းတပ် အခြေစိုက်စခန်း ဝင်ပေါက်တွင် တပ်သားသစ်များအတွင်း ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ရှီးယိုက်လွှမ်းမိုးသည့် အီရတ်အစိုးရ ဧပြီလတွင် ဖွဲ့စည်းပြီးခဲ့သည့်နောက် ယင်းအစိုးရအဖွဲ့ ကမောက်ကမဖြစ်စေရန် ရည်ရွယ်သည့်အနေဖြင့် အီရတ်မှ ပြောက်ကျားများက ရဲတပ်ဖွဲ့ဝင်သစ်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား မကြာခဏ တိုက်ခိုက်နေကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် ကန်တပ်ဖွဲ့ဝင် ၁၇၅၉ ဦး သေဆုံးခဲ့ရပြီ

ဝါရှင်တန် ဇူလိုင် ၁၄

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ချိန်နောက်ပိုင်း ယင်းနိုင်ငံတွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၂၀၀၅ ခုနှစ် ဇူလိုင် ၁၃ ရက်အထိ ၁၇၅၉ဦးရှိကြောင်း၊ ဖော်ပြပါအရေအတွက်အနက် ၁၃၅၃ဦးမှာ ခုခံတိုက်ခိုက်ရေးသမားများ၏ လက်ချက်ဖြင့် သေဆုံးရခြင်းဖြစ်ကြောင်း အေပီသတင်းဌာန၏ လေ့လာချက်စစ်တမ်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံတွင် အမေရိကန်၏အပေါင်းပါ အခြားသောတပ်ဖွဲ့ဝင်များ သေဆုံးရသမျှမှာ ဗြိတိသျှတပ်ဖွဲ့ဝင် ၈၉ ဦး၊ အီတလီ ၂၅ ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန် ၁၇ ဦး၊ ဘူဂေးရီးယား ၁၃ ဦး၊ စပိန် ၁၁ ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အက်စတိုးနီးယား၊ ထိုင်းနှင့် နယ်သာလန် နှစ်ဦးစီ၊ ဒိန်းမတ်၊ အယ်လ်ဆာဗေးဒိုး၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီးယားတစ်ဦးစီတို့ ဖြစ်ကြသည်။

အီရတ်နိုင်ငံတွင် အဓိကကျသော စစ်ဆင်ရေးလုပ်ငန်းများပြီးစီးပြီဟု သမ္မတဂျော့ဂျ်ဒဗလျူဘုရှ်ထုတ်ပြန် ကြေညာခဲ့သည့် ၂၀၀၃ ခုနှစ် မေ ၁ ရက်နောက်ပိုင်း ယင်းနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၆၂၀ သေဆုံးခဲ့ရကြောင်း အေပီ၏ စစ်တမ်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံတွင် အမေရိကန်စစ်ဆင်ရေးလုပ်ငန်းများ စတင်ချိန်နောက်ပိုင်း ယင်းနိုင်ငံတွင် အမေရိကန် တပ်ဖွဲ့ဝင် ၁၃၄၃၈ဦး ဒဏ်ရာရရှိခဲ့သည်။

အင်တာနက်။

အာဖဂန်နစ္စတန်တွင် ပျောက်ဆုံးနေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး၏အလောင်း တွေ့ရှိ

ကဘူး ဇူလိုင် ၁၃

ပျောက်ဆုံးနေသည့် အမေရိကန်ရေတပ်သား၏ ရုပ်အလောင်းကို အာဖဂန်နစ္စတန် နိုင်ငံအရှေ့ပိုင်းကူနာပြည်နယ်တွင် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ရှာဖွေတွေ့ရှိခဲ့ကြောင်းဖြင့် အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားလိုက်သည်။

၎င်းရေတပ်သားသည် အာဖဂန်ခုခံရေးသမားများနှင့် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားစဉ်အတွင်း သေဆုံးခဲ့ခြင်းဖြစ်ပြီး တာလီဘန်ပြောက်ကျားများ၏ ဖမ်းဆီးမှုခံခဲ့ရခြင်း မဟုတ်ဟု အမေရိကန် မီဒီယာသတင်းဌာနက ဖော်ပြပါ တာဝန်ရှိပုဂ္ဂိုလ်အား ကိုးကား၍ တနင်္လာနေ့က ပြောကြားသည်။

စေလွှတ်

အမေရိကန် ရေတပ်သား လေးဦးသည် ကူနာပြည်နယ်တွင် ကင်းထောက်မှုလုပ်ငန်းများ ဇွန် ၂၈ ရက်က ပြုလုပ်နေစဉ် ပျောက်ဆုံးလျက်ရှိရာ အမေရိကန်စစ်ဘက်က ယင်းနေ့တွင်ပင် ၎င်းတို့အားကယ်တင်ရန် ရဟတ်ယာဉ်တစ်စင်း စေလွှတ်ခဲ့သည်။ သို့ရာတွင် ယင်းရဟတ်ယာဉ်မှာ ဒုံးပစ်လောင်ချာဖြင့်ပစ်ချခံရသည်။ ရေတပ်သား ရှစ်ဦးအပါအဝင် အမေရိကန် တပ်ဖွဲ့ဝင် ၁၆ဦး ရဟတ်ယာဉ်ဖြင့် စီးနင်းလိုက်ပါခဲ့စဉ်အတွင်းရဟတ်ယာဉ်ပစ်ချခံရပြီး သေဆုံးခဲ့ကြရခြင်းဖြစ်သည်။

ကယ်တင်

အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀ ကျော်တို့အားအဆိုပါ တပ်ဖွဲ့ဝင်များကို ရှာဖွေကယ်တင်မှု ပြုလုပ်နိုင်ရန်အတွက် အခင်း ဖြစ်ပွားရာဒေသသို့ စေလွှတ်ခဲ့သည်။ ယခုထက်တိုင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသာ ကယ်တင်နိုင်ခဲ့ပြီး အခြားနှစ်ဦးမှာ သေဆုံးဖွယ်ရှိသည်။

တာလီဘန် ပြောက်ကျားများက ပျောက်ဆုံးနေသည့် အမေရိကန်တစ်ဦးအားဖမ်းဆီးမိကာ ခေါင်းဖြတ်သတ်ခဲ့ပြီး တောင်ထူထပ်ရာ ကူနာဒေသတွင်အလောင်းကို စွန့်ပစ်ခဲ့ကြောင်း တာလီဘန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဟာကီမီက စနေနေ့က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ ဘန်ဂလိုမြို့တွင် ဖွင့်လှစ်ထားသော နိုင်ငံတကာ အင်တာနက် စုံစမ်းရေးဌာန၏ လုပ်ငန်းခွင်တစ်နေရာကို ဇူလိုင် ၁၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာရှ ကျားနိုင်ငံများအဖြစ် ဖန်တီးနိုင်စေခဲ့သည့် စီးပွားရေးအောင်မြင်မှု တန်ဇန်းနီးယားနိုင်ငံက သင်ခန်းစာယူသင့်ကြောင်း ပြောကြား

ဒါရက်ဆလမ် ဇူလိုင် ၁၃

၁၉၉၀ ပြည့်နှစ်များအတွင်း အာရှကျားနိုင်ငံများအဖြစ် ဖန်တီးနိုင်စေခဲ့သည့် စီးပွားရေးအောင်မြင်မှုဆိုင်ရာ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများမှ သင်ခန်းစာထုတ်ယူနိုင်ရန် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ တန်ဇန်းနီးယားအစိုးရက ထုတ်ပြန်ကြေညာလိုက်သည်။

တာဝန်ယူ

လွန်ခဲ့သည့် ရက်သတ္တပတ်က လွှတ်တော်အမတ်များ ဆွေးနွေးပွဲကျင်းပစဉ် စီမံကိန်းနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကိစ္စများ တာဝန်ယူမှုနှင့်ပတ်သက်ပြီး သမ္မတရုံးက ယင်းသို့ ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။

တန်ဇန်းနီးယားနိုင်ငံကို အငယ်စားကျားနိုင်ငံဖြစ်စေရေး ရည်မှန်းချက် အစီအစဉ်အရ ၂၀၂၀ ပြည့်နှစ်တွင်နိုင်ငံ၏ ဆင်းရဲမွဲတေမှုပြဿနာကို ဖယ်ရှားနိုင်ရမည်ဟု တာဝန်ရှိသူတစ်ဦး လွှတ်တော်တွင် ပြောကြားသည်။

ရည်ညွှန်း

အာရှကျားနိုင်ငံများဟု ဆိုရာတွင် စင်ကာပူ၊တောင်ကိုရီးယား၊ဟောင်ကောင်နှင့်ထိုင်ဝမ်ကို ရည်ညွှန်းပြောကြားခြင်းဖြစ်သည်။ မလေးရှားနိုင်ငံသည်လည်း အာရှကျားနိုင်ငံများတွင် ပါဝင်သည်ဟု ယူဆနိုင်သည်။

တန်ဇန်းနီးယားအစိုးရက ရရှိသည့် နိုင်ငံခြားသုံးငွေအနက် စက်မှုကဏ္ဍမှ ၁၅ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်း အချိုးအစားထိ ပါဝင်လာစေရန် ထုတ်လုပ်မှုကို တိုးမြှင့်ရန် စီစဉ်ရမည်ဖြစ်သည်ဟုဆိုသည်။

ယခုအခါ စက်မှုကဏ္ဍသည်တန်ဇန်းနီးယားနိုင်ငံက ရရှိနေသည့် နိုင်ငံခြားငွေ စုစုပေါင်း၏ ခုနစ်ရာခိုင်နှုန်းကိုသာ ကိုယ်စားပြုသည်။

တန်ဇန်းနီးယားနိုင်ငံသည် ကမ္ဘာတစ်ဝန်းတွင် ပြည်ပ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အကောင်းဆုံးနိုင်ငံ ဖြစ်စေရန် ယင်းအစီအစဉ်က မျှော်မှန်းထားသည်။
အမ်အင်အေ၊ဆင်ဟွာ။

အီရတ်အကျဉ်းသားများ ပြန်လွှတ်ပေးရေး ဇမ်ဇီဘာကျွန်းသားများက တောင်းဆို

ဒါရက်ဆလမ် ဇူလိုင် ၁၃

တန်ဇန်းနီးယားနိုင်ငံ ဇမ်ဇီဘာကျွန်းမှ တက်ကြွသော ကျွန်းသူ၊ကျွန်းသားများက ကျူးဘားနိုင်ငံ ဂွမ်တာနာမို အကျဉ်းထောင်တွင် အမေရိကန်တို့ ဖမ်းဆီးထားသော အီရတ်နိုင်ငံသား အကျဉ်းသားများကို အမေရိကန်အစိုးရက ပြန်လွှတ်ပေးရန် ဇူလိုင် ၁၂ ရက်တွင် တောင်းဆိုခဲ့ကြသည်။

တောင်းဆို

အမေရိကန်သမ္မတကတော် လော်ရာဘုရှ်နှင့် အမေရိကန်သမ္မတဟောင်းဘီကလင်တန်တို့သည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ဇမ်ဇီဘာကျွန်းသို့မကြာမီရက်ပိုင်းအတွင်း လာရောက်လည်ပတ်ရန်ရှိသည်။ ထိုအလည်အပတ်ခရီး မစတင်မီ ကျွန်းသူ၊ ကျွန်းသားများက ယခုကဲ့သို့ အီရတ် အကျဉ်းသားများ လွှတ်ပေးရေးကိစ္စကို တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။ ဇမ်ဇီဘာကျွန်းပေါ်တွင် နေထိုင်သူ လူဦးရေ တစ်သန်းအနက် ၉၅ ရာခိုင်နှုန်းမှာ မွတ်စလင်များဖြစ်ကြသည်။

အမေရိကန်တို့သည် အပြောတစ်မျိုး အလုပ်တစ်မျိုးလုပ်သော စကားမတည်သူများဖြစ်သည်။ ၎င်းတို့သည် အခြားသော နိုင်ငံများကို တရားဥပဒေကိုလေးစားလိုက်နာရန်၊ လူ့အခွင့်အရေးကို စောင့်ရှောက်ထိန်းသိမ်းရန် အတင်းအကျပ် တိုက်တွန်းဖိအားပေးနေကြသော်လည်း အမေရိကန်များကိုယ်တိုင်ကမူ တလွဲကျင့်သုံးနေကြသည်ဟု ဇမ်ဇီဘာမှ ဒေသခံခေါင်းဆောင်တစ်ဦးဖြစ်သူ အာဇန်ခါလီဖန် ဟမ်ဒါနီက ပြောကြားသည်။

ဇမ်ဇီဘာကျွန်းမှ တက်ကြွသူများက အမေရိကန်တို့အနေဖြင့် မွတ်စလင်ကမ္ဘာ၏ တောင်းဆိုမှုကို လိုက်လျောသည့်အနေဖြင့် အီရတ်အကျဉ်းသားများကို လွှတ်ပေးသင့်ကြောင်း တောင်းဆိုခဲ့ကြသည်။

အမေရိကန်တပ်ဖွဲ့ဝင်အချို့က ကိုရမ်ကျမ်းစာကို ဂွမ်တာနာမိုအကျဉ်းစခန်းတွင် မဖွယ်မရာ ပြုလုပ်ခဲ့သည့်ကိစ္စနှင့်ပတ်သက်၍လည်း မကျေမနပ်ဖြစ်ခဲ့ကြသည့်အတွက် ယခုနှစ်မေလအတွင်းက တန်ဇန်းနီးယား နိုင်ငံတွင် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြမှုများ ဖြစ်ပွားခဲ့သေးသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အဖမ်းခံထားရသော ရုရှားနှစ်ဦး အမြန် ပြန်လွှတ်ပေးရန် တောင်းဆို

မော်စကို ဇူလိုင် ၁၃

မော်ဒိုဗာနိုင်ငံတွင် ရုရှားနိုင်ငံသားနှစ်ဦးအား ဖမ်းဆီးထားမှုကို ရှုတ်ချကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဌာနက တနင်္လာနေ့က ကြေညာချက်ထုတ်ပြန်ပြီး ၎င်းတို့အား အမြန်လွှတ်ပေးရန်ကိုလည်း တောင်းဆိုလိုက်သည်။

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ် ကိုချက်ကော့ဗ်နှင့် ယင်းအဖွဲ့မှဝန်ထမ်း လက်ယော့ကင်တို့သည် ဘင်ဒါရီမြို့ ဆင်ခြေဖုံးရပ်ကွက်တွင် စနေနေ့က အဖမ်းခံခဲ့ရသည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

ဖြေရှင်းမှုမရှိ

ယင်းလုပ်ရပ်သည် ဆင်ခြင်တုံတရားမရှိသည့် လုပ်ရပ်ဖြစ်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားပြီး မော်ဒိုဗာရှိ ရုရှားသံရုံးက မော်ဒိုဗာနိုင်ငံခြားရေးဝန်ကြီးအား ကြိမ်ဖန်များစွာ အဆက်အသွယ် ပြုလုပ်သော်ငြားလည်း ယင်းဌာနက တရားဝင်ဖြေရှင်းမှုမရှိကြောင်း ဆက်လက်ဖော်ပြထားသည်။

ရုရှားအစိုးရက ၎င်းရုရှားနိုင်ငံသားများအား မဆိုင်းမတွ လွှတ်ပေးရန် တောင်းဆိုထားပြီး ယင်းသို့လွှတ်ပေးခြင်းမရှိပါက ရုရှားအစိုးရဘက်က ဆက်လက်ဆောင်ရွက်မည့် ယင်းကိစ္စနှင့် ပတ်သက်သည့် အစီအစဉ်များကို မော်ဒိုဗာအာဏာပိုင်များက သိရှိနားလည်ရမည်ဖြစ်ကြောင်း ကြေညာချက်တွင် ပါရှိသည်။
အမ်အင်အေ၊ ဆင်ဟွာ။

ဒါဖာဒေသ ပဋိပက္ခဖြေရှင်းနိုင်ရေး ကိုဖီအာနန်တိုက်တွန်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ရန် လိုအပ်ဟုဆို

ခါတွမ် ဇူလိုင် ၁၃

ဒါဖာဒေသနှင့် ဆူဒန်နိုင်ငံ အရှေ့ပိုင်းဒေသတွင် ပေါ်ပေါက်လျက်ရှိသော ပဋိပက္ခများကို ဖြေရှင်းခြင်း မရှိပါက ဆူဒန်နိုင်ငံ၏ အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မည် မဟုတ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က စနေနေ့တွင် ပြောကြားသည်။

ဆူဒန်နိုင်ငံတွင် သမ္မတသစ် ကျမ်းသစ္စာကျိန်ဆိုသော အခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ ကိုဖီအာနန်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ဆူဒန်သမ္မတသစ်အဖြစ် အိုမာ အယ်လ်-ဘာရှီ၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ ကိုဖီအာနန်နှင့် ကမ္ဘာ့ခေါင်းဆောင်အချို့ တက်ရောက်ကြသည်။

ကြိုးပမ်း

ဆူဒန်နိုင်ငံ၏ တောင်ခြမ်းနှင့် မြောက်ခြမ်းဒေသအကြား ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း အာနန်က ပြောကြားသည်။

ဆူဒန်နိုင်ငံ၏ အမျိုးသား ညီညွတ်ရေးအစိုးရအဖွဲ့သည် နိုင်ငံတစ်ဝန်းလုံးတွင် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆူဒန်နိုင်ငံတွင် ငြိမ်းချမ်းရေး ပြန်လည်ပေါ်ထွန်းလာစေရန် ဦးတည်ကြိုးပမ်းရန် လိုအပ်ကြောင်း ၎င်းကပြောကြားသည်။

ဒါဖာဒေသနှင့် ဆူဒန်နိုင်ငံအရှေ့ပိုင်းဒေသတွင် ပေါ်ပေါက်မည့် ပဋိပက္ခအဆုံးသတ်စေရေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့က လုပ်ဆောင်ရန် လိုအပ်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။

ထိန်းချုပ်

ဒါဖာဒေသ၏ လူမှုရေး အကျပ်အတည်းဆိုက်ရောက်မှုများကို ထိန်းချုပ်နိုင်အောင် လုပ်ဆောင်နိုင်ပြီ ဖြစ်သော်လည်း ပြဿနာတစ်ရပ်လုံးကိုမူ ဖြေရှင်းနိုင်ခြင်း မရှိသေးကြောင်း ကိုဖီအာနန်က ပြောကြားသည်။

ဆူဒန်နိုင်ငံ၏ အမျိုးသားညီညွတ်ရေးလုပ်ငန်းတွင် လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး လက်တွဲဆောင်ရွက်ခြင်း မရှိသေးကြောင်း အာနန်က ပြောကြားသည်။***အမ်အင်အေ၊ ဆင်ဟွာ။***

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ရိုးရာအက လေ့ကျင့်နေကြသော တိုင်းရင်းသူ ကချေသည်များကို ဇူလိုင် ၁၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြန်မာအမျိုးသမီးထုတစ်ရပ်လုံးကို ကိုယ်စားပြုသော မြန်မာအမျိုးသမီးများနေ့ ထုတ်ပြန်ကြေညာချက်

ယနေ့ မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် တိုင်းချစ်ပြည်ချစ် အမျိုးသမီးများ၏ ဇာတိသွေး ဇာတိမာန်ကို ဆက်ခံလာခဲ့သော အဖွဲ့ချုပ်ဖြစ်ပေသည်။ တိုင်းချစ်ပြည်ချစ် မြန်မာအမျိုးသမီးတို့၏ ဇာတိသွေး ဇာတိမာန်ကို လွတ်လပ်ရေးကြိုးပမ်းမှုကာလဖြစ်သည့် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင်လည်းကောင်း၊ လွတ်လပ်ရေးရပြီး နိုင်ငံထူထောင်ရေးနှင့် ကာကွယ်ရေးကာလများတွင်လည်းကောင်း ထင်ရှားစွာတွေ့နိုင်ပါသည်။

တပ်မတော်အစိုးရ ဦးဆောင်သည့် ဒီမိုကရေစီနိုင်ငံတော် ထူထောင်ကူးပြောင်းရေးကာလတွင် မြန်မာအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ သဘောထားရပ်တည်ချက်များကို ၂၀၀၅ ခုနှစ် ဇူလိုင် (၃)ရက် မြန်မာအမျိုးသမီးများနေ့ ထုတ်ပြန်ချက်၌ အောက်ပါအတိုင်း အထင်အရှားတွေ့မြင်နိုင်ပေသည်–

(က) နိုင်ငံတော်အစိုးရ၏ တည်ဆောက်မှုအရပ်ရပ်တွင် မြန်မာအမျိုးသမီးထုတစ်ရပ်လုံး စည်းလုံးမှု စွမ်းအားဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်။

(ခ) နိုင်ငံတော် တည်ဆောက်ရာတွင် လက်တွေ့ကျသော အကျိုးပြုနိုင်မှုကိုသာ အသိအမှတ်ပြုသည်။

(ဂ) တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို လျစ်လျူရှုပြီး လူတစ်စုတစ်ဖွဲ့၊ ပုဂ္ဂိုလ်ရေး အကျိုးစီးပွားကိုသာ ကိုယ်စားပြုသော ပြည်ပဖိအားပေးမှုများကိုရှုတ်ချသည်။

(ဃ) ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများအား မြန်မာနိုင်ငံ၏ ပကတိ အခြေအနေမှန်ကို သိရှိရေးကြိုးပမ်းရာတွင် တာဝန်ရှိသူတို့ထံ ချဉ်းကပ်အဖြေရှာရန် တိုက်တွန်းပါသည်။

(င) မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ အကျိုးစီးပွားဆောင်ရွက်ရာတွင် တူညီသော ရည်ရွယ်ချက်ရှိသည့် လူမှုရေးအသင်းအဖွဲ့များနှင့် စည်းလုံးညီညွတ်စွာ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်။

(စ) မည်သည့်အကြောင်းပြချက်အရမဆို အပြစ်မဲ့ ပြည်သူများအပေါ် အကြမ်းဖက် တိုက်ခိုက်သူများနှင့် ၎င်းတို့အား ဖိအားပေးကူညီမှုများကို ဆန့်ကျင်ရှုတ်ချသည်။

ဤသည်မှာ မြန်မာအမျိုးသမီးထုကြီး၏ ဇာတိသွေး ဇာတိမာန်ကို ဖော်ပြသော ရပ်တည်ချက်လည်း ဖြစ်ပေသည်။

မြန်မာတို့ ဇာတိမာန်နှင့်ပတ်သက်၍ ၁၉၈၂ ခုနှစ်က ဇာတိမာန်စာပေစာတမ်းဖတ်ပွဲ၌ တင်သွင်းသော ဆရာဆင်ဖြူကျွန်းအောင်သိန်း၏ စာတမ်းတွင် အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်–

"ဇာတိမာန်"ဟူသည် အမျိုးအနွယ်ကိုစွဲ၍ စိတ်နေစိတ်ထား မြင့်မားခြင်း၊ မျိုးရိုးဇာတိကို အကြောင်းပြု၍ စိတ်နေစိတ်ထား မြင့်မားခြင်းဟူ၍ အဓိပ္ပာယ်ရပါသည်။

ဤသည်ကိုပင် ထပ်မံစိတ်ဖြာကြည့်လျှင်–

(၁) မိမိတို့ မြန်မာတိုင်းရင်းသားများ၏ အနွယ်အမြစ် သန့်စင်မြင့်မြတ်မှုကို အကြောင်းပြုပြီး စိတ်နေမြင့်မားခြင်း၊

(၂) မိမိတို့ မြန်မာတိုင်းရင်းသားများ မှီတင်းနေထိုင်ရာ အမိမြေသည် ရာသီဥတု ကောင်းမွန်မျှတခြင်း၊ သယံဇာတပေါကြွယ်ခြင်း၊ မြေဩဇာ ထက်သန်ခြင်းတို့ကြောင့် မြတ်နိုးသည့်စိတ်ဖြင့် စိတ်နေမြင့်မားခြင်း၊

ခင်ဝင်းခံ

(၃) မိမိတို့ မြန်မာတိုင်းရင်းသားများသည် မနေ့တစ်နေ့ကမှ ကြုံရာကျပန်း လူမျိုးများလာရောက်နေထိုင်ပြီး စပ်စပ်ဖာဖာ တည်ထောင်ထားရသော တိုင်းပြည်မျိုးမဟုတ်၊ ဇာတိပျက် ယဉ်ကျေးမှုမဲ့သော လူမျိုးများမဟုတ်၊ ပကတိတည်ရှိသော တိုင်းပြည်ဖြစ်သည်ကို အကြောင်းပြုပြီး စိတ်နေမြင့်မားခြင်းဟူ၍ ယူသင့်ရသင့်သည်ဟု ထင်မိပါသည်။

ထို့ကြောင့်လည်း ယနေ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နေသည့် မြန်မာနိုင်ငံတွင် စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတို့ လူနေမှုအဆင့်အတန်း၊ စာပေတတ်မြောက်မှုအဆင့်အတန်း မြင့်မားတိုးတက်လာရေးကိုသာ တစ်ခုတည်းသော ဒီမိုကရေစီ ထူထောင်ရေး လမ်းအဖြစ် ကြိုးပမ်းသွားရန် ဖြစ်ပါသည်။ မည်သည့်လူပုဂ္ဂိုလ် ကိုးကွယ်ရေး၊ မည်သည့်ပြည်ပ ဖိအားတွန်းအားနှင့်မျှ ဒီမိုကရေစီနိုင်ငံ မထူထောင်နိုင်ပါ။

မဖွံ့ဖြိုးသေးသည့် နိုင်ငံတစ်နိုင်ငံတွင် ခိုင်မာသော ဒီမိုကရေစီစနစ်တစ်ရပ်ချက်ချင်းအမြစ်တွယ် တည်ဆောက်ကျင့်သုံးနိုင်သည်ဟူ၍ လူ့သမိုင်းတွင် မကြုံဖူးသေးပါ။ နိုင်ငံများသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်း၊ စာပေတတ်မြောက်မှုအဆင့်အတန်း မြင့်မားလာသည့် အချိန်ကျမှသာ ဒီမိုကရေစီအမြစ်တွယ် ရှင်သန်ထွန်းကားလာနိုင်သည်ဆိုသော လူမှုသိပ္ပံတရားကြောင့် ဖြစ်ပါသည်။

> **ယနေ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နေသည့် မြန်မာနိုင်ငံတွင် စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတို့ လူနေမှုအဆင့်အတန်း၊ စာပေတတ်မြောက်မှုအဆင့်အတန်း မြင့်မား တိုးတက်လာရေးကိုသာ တစ်ခုတည်းသော ဒီမိုကရေစီ ထူထောင်ရေးလမ်းအဖြစ် ကြိုးပမ်းသွားရန် ဖြစ်ပါသည်။ မည်သည့်ပုဂ္ဂိုလ် ကိုးကွယ်ရေး၊ မည်သည့်ပြည်ပ ဖိအားတွန်းအားနှင့်မျှ ဒီမိုကရေစီနိုင်ငံ မထူထောင်နိုင်ပါ။**

ဖော်ပြပါ လူမှုသိပ္ပံတရားကို လက်ကိုင်ထား၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ထူထောင်နေသော တပ်မတော်အစိုးရသည် ပြည်ပအားကိုးအဆိုးမြင်ဝါဒီများနှင့် အလိုတူအလိုပါ နိုင်ငံကြီးအချို့၏ ထိုးနှက်တိုက်ခိုက်မှုများကို အမျိုးသားစည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ကာကွယ်တိုက်ဖျက်နိုင်ခဲ့ပါသည်။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်လျက်ရှိပါသည်။ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည်လည်း တပ်မတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကြိုးပမ်းလာခဲ့ပါသည်။ မပျက်မကွက် ဆက်လက်ကြိုးပမ်းသွားမည်လည်း ဖြစ်ပါသည်။

ထိုသို့ ကြိုးပမ်းရာတွင် ၁၇-၉-၁၉၉၄ ရက်နေ့က ကျင်းပခဲ့သော အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ လူ့အရင်းအမြစ်များဆိုင်ရာ နိုင်ငံတကာ ညီလာခံတွင် ယခင်မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်၏ အောက်ပါ သတိပေးစကားသည် အလွန်ပင်မှတ်သားဖွယ်ရာဖြစ်ပါသည်–

"အရေးကြီးတာက အနောက်နိုင်ငံတွေရဲ့ ဒီမိုကရေစီအပေါ် အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို နားမယောင်မိကြဖို့ပဲ၊ ဒီမိုကရေစီဆိုတာ လိုအပ်တာထက်ပိုရင် နိုင်ငံရေးမတည်ငြိမ်မှု၊ စီးပွားရေးကျပ်တည်းမှု၊ ယဉ်ကျေးမှုပျက်ယွင်းဆုတ်ယုတ်မှုနဲ့ ဆင်းရဲမွဲတေမှုတွေကို ပေါ်ပေါက်လာစေနိုင်တယ်။ အဲဒီလို အခြေအနေမျိုးမှာ အနောက်အုပ်စုက ကျွန်တော်တို့ကို ခြိမ်းခြောက်မှုတွေနဲ့ အကျပ်ကိုင်လာတဲ့အထိ ဖြစ်လာနိုင်တယ်။ ဒီမိုကရေစီဆိုတာ အကန့်အသတ်မရှိလွှတ်ပေးရင် လူ့အဖွဲ့အစည်းဟာ စာရိတ္တပျက်ယွင်းမှုတွေ၊ အဂတိလိုက်စားမှုတွေနဲ့ မိဘတစ်ဦးသာရှိတဲ့ မိသားစုအထိ လျော့ကျပျက်စီးသွားနိုင်တယ်။

ဒီမိုကရေစီရဲ့ အနက်အဓိပ္ပာယ်အမှန်ကိုလည်းသိမယ်၊ ဒီမိုကရေစီကို ဘယ်လိုလက်တွေ့ကျင့်သုံးရမယ်ဆိုတာကိုလည်း သိမယ်ဆိုရင်တော့ ဒီမိုကရေစီဆိုတာသိပ်ကောင်းတာပေါ့။ အဲ–ဒီမိုကရေစီကို မှန်မှန်ကန်ကန် အသုံးမချတတ်ကြရင်တော့ ဒီမိုကရေစီဆိုတာ အင်မတန်ဆိုးရွားတဲ့ စနစ်တစ်ခုဖြစ်သွားစရာရှိပါတယ်။ ဒီမိုကရေစီဆိုတာ အချို့ပြည်ပနိုင်ငံတွေမှာ ဖြစ်သလို လမ်းမတွေပေါ် စည်းမရှိကမ်းမရှိထွက်ပြီး ဆန္ဒပြကြ၊ ကားတွေမီးရှို့ကြ၊ အိမ်တွေဖျက်ဆီးကြတာမျိုးကို ဆိုလိုတာမဟုတ်ဘူးဗျ။"

ထိုသို့ သတိပေးခဲ့ဖူးသည့်အဖြစ်အမျိုး မကျရောက်အောင် ကာကွယ်သွားနိုင်ရေးအတွက် ကျွန်မတို့မြန်မာနိုင်ငံတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ထူထောင်နေခြင်းပင်ဖြစ်ပါသည်။ ကျွန်မတို့အမျိုးသမီးများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ဖြစ်ပေါ်လာရေးကိုသာ လိုလားပါသည်။ ထို့ကြောင့် မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် နိုင်ငံတော်ကချမှတ်ထားသော မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့ မဖြစ်မနေ လက်တွဲ ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၀၅ခုနှစ် ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ ထုတ်ပြန်ကြေညာချက်သည် မြန်မာလူဦးရေထက်ဝက်ကျော်ရှိသော အမျိုးသမီးထုကို ကိုယ်စားပြုသော ထုတ်ပြန်ကြေညာချက်ဖြစ်သကဲ့သို့ မြန်မာအမျိုးသမီးထုတစ်ရပ်လုံး ဇာတိသွေးဇာတိမာန်ပြည့်ဝစွာ နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်နေသည့် အစဉ်အလာကောင်းများကို ထင်ဟပ်ဖော်ပြသော ထုတ်ပြန်ချက်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

အဘိဓမ္မာခုနစ်ကျမ်း စာအုပ်များ ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်မြို့ အဘိဓမ္မာ ပြန့်ပွားရေး အသင်းကြီးက သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ရွတ်ဆိုပူဇော်ရမည့် အဘိဓမ္မာခုနစ်ကျမ်း ပါဠိတော် ကောက်နုတ်ချက်များနှင့် ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ရေးသားချီးမြှင့်သည့် အဘိဓမ္မာအခါတော်နေ့ ကျူးရင့်သံ စာအုပ်များကို ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းရှိ အဘိဓမ္မာပြန့်ပွားရေး အသင်းခွဲများ၊ မြို့နယ်ဘာသာရေး ဝတ်အဖွဲ့များသို့ ဆက်သွယ်ရေးစခန်း (စာတိုက်)များမှတစ်ဆင့် ပေးပို့ပြီး ဖြစ်ကြောင်းနှင့် ကိုယ်တိုင်ထုတ်ယူလိုသော မြို့နယ် အသင်းခွဲများသည် ဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ရုံးခန်း ဖုန်း–၀၁–၃၇၈၄၅၇ တွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ကြောင်း သိရသည်။ (က–ပ)

ရန်ကုန်မြို့ တာမွေမြို့နယ် မြို့ပတ်လမ်း ပုသိမ်ညွန့်စံပြရပ်ကွက် အမှတ်(၁၄) နေ ဦးသိန်းဟန်–ဒေါ်ခင်မာကြူမိသားစုတို့က ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တဝိနယထံ အနုမောဒနာ နာယူပြီး ရေစက်ချ၍ တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဗုဒ္ဓါဘိသေက မင်္ဂလာကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်မြို့ အာဇာနည်လမ်း ဗဟန်းမြို့နယ် မင်္ဂလာတောင်တော်ဦး ကျောင်းတိုက်တွင် ဗုဒ္ဓါဘိသေက မင်္ဂလာနှင့် ဆရာတော် ဘဒ္ဒန္တသုဇန၏ သက်တော်(၆၃)နှစ် ဝိဇာတမွေးနေ့မင်္ဂလာကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေ နေ့)တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဟု သိရသည်။ (က–ပ)

မွေးနေ့ဝိဇာတ အလှူတော်မင်္ဂလာနှင့် သိက္ခာထပ်မင်္ဂလာကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ရတနာမာရ်အောင် တောရကမ္မဋ္ဌာန်း အလင်းပြတိုက်ကြီး၏ ဦးစီး ပဓာန နာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစ္ဆာဗလ သက်တော်ရှည် ကမ္ဘာ့ရွှေရင်အေး ဆရာတော်ကြီး၏(၉၉) နှစ်ပြည့်(ရာပြည့်အကြို)ဝိဇာတ မွေးနေ့ အလှူတော်မင်္ဂလာ အခမ်းအနားနှင့် စုပေါင်း သိက္ခာထပ်မင်္ဂလာ အခမ်းအနားကို အဆိုပါ ရတနာမာရ်အောင် တောရကျောင်း၌ ဇူလိုင် ၂၃ ရက် စနေနေ့ နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်း

ဆရာတော်ကြီး၏ သက်တော်(၉၉) နှစ်ပြည့် (ရာပြည့်အကြို) ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာပွဲတွင် (၁၈)ကြိမ်မြောက် သိက္ခာထပ် အလှူတော်မင်္ဂလာနှင့် အရဏ်ဆွမ်း အလှူရှင်(ဦးစိုးတင့်) ဒေါ်မြမြမိသားတစ်စု တောင်ဥက္ကလာပမြို့နယ်နှင့် နေ့ဆွမ်းအလှူရှင် မန္တလေး သိန်းဇော် ဇနီး ဒေါက်တာချိုအေးဟန်၊ သား မောင်အောင်ထွန်းဇော်၊ သမီး မလွင်ချို မိသားစု (AZADA ART)ရန်ကုန်တို့က ဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး ပင့်သံဃာ ၁၀၈ ပါးတို့အား ကမ္ဘာ့ရွှေရင်အေး ဆရာတော်ကြီးက လှူဖွယ်ဝတ္ထုအစုစုကို လှူဒါန်းမည်ဖြစ်ရာ ကြွရောက်ဖူးမြော် ကြည်ညိုနိုင်သည်။

(သတင်းစဉ်)

ပြန်လည်ပေးအပ်

ဒဂုံမြို့နယ် အမက(၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၁၀ ရက်က ကျောင်းခန်းမတွင်ကျင်းပရာ ကျောင်းသူ၊ ကျောင်းသားများသောက်သုံးရန် သောက်ရေသန့်စက်နှင့် ရေချမ်းစင်တန်ဖိုးငွေ ၅၀၀၀၀၀ လှူဒါန်းသူ ကျောင်းအကျိုးတော်ဆောင် နာယက၊ ရန်ကုန်မြို့ ဝေနေယျသုခ ရေချမ်းစင်အသင်း တွဲဖက်ဘဏ္ဍာရေးမှူး ဦးသန်းဇော်–ဒေါ်ဇာလီမော်၊ သမီး မတင်တင်ခိုင် မိသားစုတို့အား ဒဂုံမြို့နယ် ပညာရေးမှူး ဦးဝင်းလှိုင်ထိန်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(၃၂)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ပရိသတ်များ ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမ အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ကြည်ညိုကြစဉ်။
(သတင်းစဉ်)

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၁၄

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပပြီး မွန်းလွဲပိုင်းတွင် အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊တိုင်းနှင့် ခရိုင်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကကောဝိဒ ကလေးဝတောရ ဆရာတော် ဘဒ္ဒန္တ ဇာဂရာဘိဝံသက ဆောင်ရွက်တော်မူသည်။

ကြေညာတော်မူ

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၏ အရေအတွက် ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

ခေတ္တရပ်နား

အစီအစဉ်အရ ပဌမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယ အဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ဝင် ဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူကြရာ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များကို မွန်ပြည်နယ် ရေးမြို့ ဖာလဇေတဝန်ကျောင်းဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကုန္ဒသိရီက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို မန္တလေးတိုင်း မိတ္ထီလာမြို့ ရွှေဘုံသာ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိဇ္ဇောဒယက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များကို စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ပခန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလာဘိဝံသက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဆွေးနွေးဆုံးဖြတ်

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမ အစည်းအဝေး ဒုတိယနေ့ ဒုတိယပိုင်းအစီအစဉ်များကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကိုလည်းကောင်း၊ ၂၀၀၅ခုနှစ် ဓမ္မာစရိယပညာရေးဗဟိုအဖွဲ့၏ အစီရင်ခံစာ တင်ပြလာခြင်းကိစ္စနှင့် ဝိနည်းဓမ္မကံလုပ်ထုံး လုပ်နည်းအခန်း(၇)၊ အပိုဒ် (၅၆)(ဂ)အရ ဆောင်ရွက်ရန်ကိစ္စ တို့ကိုလည်းကောင်း ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယ အဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် ၁၃၆၆ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်၊ ၂၀၀၅ခုနှစ် မတ် ၂၅ ရက် (သောကြာနေ့) မှ ယနေ့အထိ တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋက ကောဝိဒ ကလေးဝတောရ ဆရာတော် ဘဒ္ဒန္တ ဇာဂရာဘိဝံသက ပြန်လည်ရှင်းလင်း လျှောက်ထား၍ အစည်းအဝေး၏ အတည်ပြုချက် ရယူတော်မူသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ပဌမအကြိမ် ဒွါဒသမ (လေးလပတ်) နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထား အတည်ပြုပင့်ဆောင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ် တော်မူကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက "ဇယန္တော ဗောဓိယာမူလေ" အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီးနောက် သာဓုသုံးကြိမ် ခေါ်ဆိုကြကာ မွန်းလွဲပိုင်းတွင် ပဌမအကြိမ်နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး သွားသည်။

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမ အစည်းအဝေးသို့ ကြွရောက်တော်မူ လာကြသော ဆရာတော်များအား အလှူရှင် များက ဆွမ်း၊ ခဲဖွယ်၊ဘောဇဉ်များကိုလှူဒါန်းလျက်ရှိကြရာ ယနေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မြင်းခြံ ဆရာတော်ကြီးအား အမှူးထား၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင် ရပ်ကွက် ရွှေဂုံတိုင်လမ်း အမှတ်(၁၆၁)နေ ဦးထွန်းအုံ- ဒေါ်ပန်းကြည်မိသားစုက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ဗဟန်းမြို့နယ် ကုက္ကိုင်း ကမ္ဘောဇရိပ်သာ အမှတ်(၃၀)နေ ဒေါ်ခင်ဆွေလှိုင်မိသားစုက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။ ဇူလိုင် ၁၅ရက် (သောကြာနေ့)တွင် လှိုင်မြို့နယ် အုတ်ကျင်းဘူတာရုံလမ်း အမှတ် (၁၁၃/ခ)နေ ဦးရွှေဟို-ဒေါ်သန်းကြီး မိသားစုက တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ (သတင်းစဉ်)

ရွှေသင်္ကန်း ကပ်လှူ ပူဇော်နိုင်

ရန်ကုန် ဇူလိုင် ၁၄

နှစ်စဉ်ကျင်းပလှူဒါန်းမြဲဖြစ်သော မြတ်စွာဘုရားရှင်အား ဝါဆိုရွှေသင်္ကန်း လှူဒါန်းပွဲ အစီအစဉ်အဖြစ် လေးကျွန်းစကြာအောင်တော်မူ မဟာအတုလ ရတနာမုနိ ဝကုံပြည့်လွယ် ကုဋေကြွယ် မြတ်စွာဘုရား ရုပ်ပွားတော်ကြီးကို (ဝါဆိုလပြည့်နေ့) ဇူလိုင် ၂၀ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ မြနန်းနွယ်တန်ဆောင်းအပေါ်ထပ် တွင် အပူဇော်ခံထားမည်ဖြစ်ပါ၍ အလှူရှင်များကိုယ်တိုင် ရွှေသင်္ကန်း ကပ်လှူရန် နှိုးဆော်ထားသည်။ (က-ပ)

လှော်ကားဥယျာဉ် ဖွင့်လှစ်ထားမည်

ရန်ကုန် ဇူလိုင် ၁၄

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈နာရီမှ ညနေ ၄ နာရီအထိသာ ဖွင့်လှစ်ထားသော်လည်း ဇူလိုင် ၁၉ရက် (အာဇာနည်နေ့) နှင့် ဇူလိုင် ၂၀ရက် (ဝါဆိုလပြည့်နေ့)များတွင် အများပြည်သူများ လေ့လာနိုင်ရန် အတွက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်သည်။ (သတင်းစဉ်)

စာအုပ်များလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခ ကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများ ကျမ်းပြုအရှင်စန္ဒဇောတိ (ပါဠိပါရဂူ ပိဋကတ်တစ်ပုံဆောင်) ရေးသားပြုစု သော သဒ္ဒါမေးကွက် အတွဲ (၁)နှင့် အတွဲ(၂) ကျမ်းစာအုပ်များကို ဇွန် ၃၀ရက်က ကျောက်ပန်းတောင်းမြို့ မြရွှေဂူစာသင်တိုက်သို့ ပေးပို့လှူဒါန်းရာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝိဇိတသာရ (ဓမ္မာစရိယ)က လက်ခံ ရယူကြောင်း သိရသည်။ (က-ပ)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အီတလီ၊ စင်ကာပူ၊ မလေးရှား ဧည့်သည်တော်များ တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အီတလီနိုင်ငံ Digital Multimedia Technologies မှ Area Manager Mr. Fabio Papa နှင့် စင်ကာပူသမ္မတနိုင်ငံ MPL Pte., Ltd. မှ Regional Marketing Manager Mr. Asher Loy Chee Koon တို့သည် ယနေ့ ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။ (အပေါ်ပုံ)

လာရောက်တွေ့ဆုံ

အလားတူ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မလေးရှားနိုင်ငံ Measat Satellite Systems Sdn Bhd မှ Senior Advisor Dato' Hj. Ainuddin Noordin သည် ညနေ ၅ နာရီတွင် ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင်သာမက ဒီမိုကရေစီအသွင်ကူးပြောင်းရာတွင်လည်း

ပြည်သူ့စစ်မဟာဗျူဟာ ဆင်နွှဲနိုင်ရန်အတွက် ရဲတပ်ဖွဲ့သည် ပြည်သူနှင့်တစ်သားတည်းဖြစ်အောင်၊ ပြည်သူက

) ရှေ့ဖုံးမှ

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ...တွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ...မိအနေဖြင့် ယနေ့ကြုံကြိုက်တုန်း မိမိတို့နိုင်ငံ၏ လက်ရှိနိုင်ငံရေး၊ ...ပွားရေး၊ လူမှုရေး တိုးတက်ဖြစ်ပေါ်မှု အခြေအနေများ၊ စည်းကမ်းပြည့်ဝသည့် ...မိုကရေစီစနစ် အသွင်ကူးပြောင်းရေးကိစ္စများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ...ဆောင်ရွက်ရန်ကိစ္စများကို ရှင်းလင်းဆွေးနွေး ပြောကြားသွားမည်ဖြစ်ကြောင်း။

တပ်မတော်အစိုးရသည် ၁၉၈၈ခုနှစ်တွင် နိုင်ငံတော်၏အာဏာကို ...ယူလိုက်ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏အာဏာကို ...ယူမဖြစ်၍ ရယူခဲ့ရခြင်းဖြစ်ကြောင်း၊ တိုင်းပြည် ဖယိုဖရဲနှင့် ပြိုကွဲပျက်စီး ...သွားမည့်အဖြစ်မျိုးကို လက်ပိုက်ကြည့်မနေနိုင်၍ ဖြစ်ကြောင်း၊ တစ်နည်း ...အားဖြင့် သမိုင်းပေးတာဝန်အရ နိုင်ငံတော်၏အာဏာကို ရယူခဲ့ရခြင်း ...ဖြစ်ကြောင်း။

သမိုင်းပေးတာဝန်

တပ်မတော်သည် တိုင်းပြည်ဖယိုဖရဲနှင့် ပြိုကွဲတော့မည့် အန္တရာယ်ရှိတိုင်း ...တိုင်းတွင် ယခုကဲ့သို့ပင် တိုင်းပြည်၏အာဏာကို ရယူခဲ့ရကြောင်း၊ ၁၉၅၈-...၉ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၆၂ခုနှစ်တွင်တစ်ကြိမ်၊ ယခု ၁၉၈၈ခုနှစ်တွင် ...တစ်ကြိမ် သုံးကြိမ်တိုင်တိုင် ယူခဲ့ရပြီး ယင်းသုံးကြိမ်စလုံးသည် အာဏာကို ...ပိုချင်လွန်း၍ ရယူခဲ့ခြင်းမဟုတ်ကြောင်း၊ တိုင်းပြည်ပြိုကွဲမည့်အန္တရာယ် မကြုံ ...အောင် မတတ်သာသည့်အဆုံး သမိုင်းပေးတာဝန်အရ ရယူခဲ့ရသည်ချည်း ...ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

တပ်မတော်သည် တိုင်းပြည်၏အာဏာကို ရယူလိုက်ရသည်နှင့် မူလ ...တာဝန်ဖြစ်သည့် နိုင်ငံတော် ကာကွယ်ရေးတာဝန်အပြင် နိုင်ငံတော် ဖွံ့ဖြိုး ...တိုးတက်အောင် တည်ဆောက်ရမည့်တာဝန်၊ ပြည်သူ့ထံက ရယူထားသည့် ...အာဏာကို ပြည်သူ့ထံသို့ ညင်ညင်သာသာ ပြန်လည်လွှဲပြောင်းပေးရမည့် ...တာဝန်များ ရှိလာကြောင်း၊ ယင်းတာဝန်များကို ကျေကျေပွန်ပွန် ထမ်းဆောင် ...နိုင်ရန်အတွက် တပ်မတော်အစိုးရသည် ပြည်သူများနှင့်လက်တွဲပြီး နေ့မအား ...ညမနား ကြိုးပမ်းဆောင်ရွက်နေသည်ကို အားလုံး မျက်မြင်ကိုယ်တွေ့ပင် ...ဖြစ်ကြောင်း။

ရှင်းလင်းဖယ်ရှားခဲ့

မိမိတို့နိုင်ငံသည် ၁၉၄၈ခုနှစ်၊ လွတ်လပ်ရေးရပြီး သုံးလခန့်အကြာမှာပင် ...တ်ဝမ်းကွဲပြားပြီး လက်နက်ကိုင်သောင်းကျန်းမှု စတင်ပေါ်ပေါက်ခဲ့ ...ကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်မှုသည် ဆိုးဆိုးရွားရွား ပျက်ပြားသွားပြီး ...ငံတော်၌ တည်ငြိမ်မှု၊ လုံခြုံမှု၊ တရားဥပဒေစိုးမိုးမှုများ လျော့နည်းသွားခဲ့ ...ကြောင်း၊ လက်နက်ကိုင် ရောင်စုံသောင်းကျန်းမှု အန္တရာယ်များကြောင့် ...ည်သူများ၏ဘဝသည် ကျီးလန့်စာစားနေခဲ့ရကြောင်း၊ တစ်နိုင်ငံလုံးနီးပါး ...ရောင်စုံသောင်းကျန်းသူများ လွှမ်းခြုံထားသည့်အတွက် ရန်ကုန်အစိုးရဟု ...ကျရယ်အခေါ်ခံရလောက်သည်အထိ အခြေအနေသည် ဆိုးဆိုးရွားရွား ...ဖြစ်ခဲ့ကြောင်း၊ ထိုစဉ်က တပ်မတော်သည် ရှိစုမဲ့စု အင်အားကလေးဖြင့် ...တစ်နိုင်ငံလုံးလွှမ်းခြုံထားသည့် ရောင်စုံသောင်းကျန်းသူများကို ရှင်းလင်းဖယ်ရှား ...ပေးခဲ့ရကြောင်း။

သို့သော်လည်း ထိုစဉ်က ပါလီမန်ဒီမိုကရေစီအစိုးရမှာ အချင်းချင်း စိတ်ဝမ်းကွဲပြားမှု၊ ဝါဒရေးရာအားပြိုင်မှု၊ ပုဂ္ဂိုလ်ရေးမသင့်တင့်မှုများအပြင် ပြည်တွင်းသောင်းကျန်းမှု အန္တရာယ်များကြောင့် ၁၄နှစ်တာအချိန်များ ကုန်လွန်ခဲ့ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ထိထိရောက်ရောက် မဆောင်ရွက်နိုင်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသကဲ့သို့ စည်းလုံးညီညွတ်မှု ပျက်ပြားလာသည်နှင့် ပြည်နယ်အချို့သည် ဖက်ဒရယ်မူကို ရှေ့တန်းတင်ပြီး ပြည်နယ်ခွဲထွက်ရန် ကြိုးစားလာခဲ့ကြောင်း၊ ထို့ကြောင့် တိုင်းပြည်အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးမသွားရအောင် ၁၉၆၂ခုနှစ်တွင် တပ်မတော်သည် နိုင်ငံတော်ကို ဝင်ရောက်ထိန်းသိမ်းကာကွယ်ခဲ့ရကြောင်း။

လုံလောက်မှုမရှိ

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် ၁၉၇၄ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုကိုရေးဆွဲပြီး တစ်ပါတီစနစ်ဖြင့် တိုင်းပြည်ကို အုပ်ချုပ်ခဲ့ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံထားသည့် မြန်မာ့စီးပွားရေးသည် ထိုစဉ်က တိုးပွားလာသည့် လူဦးရေအတွက် လုံလောက်မှုမရှိတော့သည့် အခြေအနေကို ဆိုက်ရောက်သွားခဲ့ကြောင်း။

ယင်းအချိန်တွင် အိမ်နီးချင်းနိုင်ငံအချို့မှာ စက်မှုစီးပွားရေးဘဝကို ထူထောင်နိုင်ခဲ့ကြပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံမှာမူ အထွေထွေခေတ်နောက်ကျကျန်ရစ်ခဲ့ပြီး နောက်ဆုံးတွင် စီးပွားရေးကြောင့် နိုင်ငံရေးသည် ထိန်းမနိုင်၊ သိမ်းမရ ပြည်သူများ ဆူပူအုံကြွ လုယက်ဖျက်ဆီး သတ်ဖြတ်သည်အထိ ရောက်ရှိသွားခဲ့သည့်အတွက် တပ်မတော်သည် ၁၉၈၈ခုနှစ်တွင် နိုင်ငံတာဝန်ကို ရယူလိုက်ရခြင်းဖြစ်ကြောင်း၊ တပ်မတော်သည် အာဏာလိုချင်၍မဟုတ်ကြောင်း၊ သမိုင်းပေးတာဝန်အရ တိုင်းပြည်၏အာဏာကို ရယူခဲ့ရခြင်းဖြစ်သည်ဟု ပြောကြားလိုကြောင်း။

တပ်မတော်သည်တိုင်းပြည်၏အာဏာကိုရယူလိုက်သည်နှင့်ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒအဖြစ်ချမှတ်ပြီး ဦးတည်ချက်(၁၂)ရပ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်ကို တည်ဆောက်မည်ဟု ရည်မှန်းချက်ပန်းတိုင်ကို ချမှတ်ခဲ့ကြောင်း။

ဦးတည်ချက်

ထိုစဉ်က ချမှတ်ခဲ့သည့် နိုင်ငံရေးဦးတည်ချက်(၄)ရပ်ဖြစ်သည့်-

- **နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊**
- **အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊**
- **ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊**
- **ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး**

ဆိုသည့် ဦးတည်ချက်(၄)ရပ်ကို ပြန်ကြည့်လျှင် ယနေ့ ယင်းဦးတည်ချက်များအတိုင်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးမှုမရှိလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည့်နည်းနှင့်မျှ ဆောင်ရွက်၍မရဘူးဆိုသည်ကို အားလုံးသိပါကြောင်း၊ ထို့ကြောင့် ယင်းအချက်ကို အထူးအလေးထားဆောင်ရွက်ခဲ့ကြောင်း၊ မည်သည့်ခေတ်၊ မည်သည့်အခါကမျှ မဆောင်ရွက်နိုင်ခဲ့သည့် ပြည်တွင်းငြိမ်းချမ်းရေးကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့တို့မှာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြပြီး ၎င်းတို့နေထိုင်ရာ နယ်စပ်ဒေသများတွင် တပ်မတော်အစိုးရ၊ ပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်လျက် ရှိနေကြောင်း၊ အကျိုးရလဒ်အနေဖြင့် ယနေ့ နယ်စပ်ဒေသများ ဖွံ့ဖြိုးလာခဲ့ပြီး ပန်ဆန်း၊ မိုင်းလား စသည့် မြို့ကြီးပြကြီးများ ပေါ်ထွန်းလာသည့်အပြင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးများ များစွာ တိုးတက်ကောင်းမွန်လာခဲ့ပြီဖြစ်ကြောင်း။

နောက်ဆုံးနှစ်

နိုင်ငံတော်အစိုးရသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ရှိလာသည်နှင့် အမျှတိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် စီးပွားရေးကို ဇောက်ချဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် စတုတ္ထလေးနှစ် စီးပွားရေးစီမံကိန်း၊ ဒုတိယကာလတိုငါးနှစ် စီးပွားရေးစီမံကိန်း၊ တတိယကာလတိုငါးနှစ် စီးပွားရေးစီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ရာ ယခုဆိုလျှင် တတိယကာလတိုငါးနှစ် စီးပွားရေးစီမံကိန်း၏ နောက်ဆုံးနှစ်ကို ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

ယင်းသို့ စီးပွားရေးစီမံကိန်းများ စနစ်တကျချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်၏စီးပွားရေးသည် သိသိသာသာ တိုးတက်လာခဲ့ကြောင်း၊ လူတစ်ဦးချင်း ဝင်ငွေများမှာလည်း တိုးပွားလာခဲ့ပြီး ငွေကြေးဖောင်းပွမှုနှုန်းများလည်း သိသိသာသာကျဆင်းလာခဲ့ကြောင်း၊ နိုင်ငံခြားကုန်သွယ်မှုတွင် ပို့ကုန်တန်ဖိုးသည် သွင်းကုန်တန်ဖိုးထက် ပိုငွေပြလာခဲ့ကြောင်း။

မြင်သာထင်သာသည့် တိုးတက်မှုများမှာ မော်တော်ကားလမ်းသစ်များ၊ မီးရထားလမ်းသစ်များ၊ လေယာဉ်ကွင်းသစ်များ၊ မြစ်ကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ ပညာရေးကဏ္ဍတွင် အခြေခံကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ ကျန်းမာရေးကဏ္ဍတွင် ဆေးရုံကြီးများ၊ ကုသရေးပစ္စည်းများ၊ ကျေးလက်ဆေးပေးခန်းများ အံ့မခန်းများစွာ တိုးတက်လာသည်ကို အားလုံးမျက်မြင်ကိုယ်တွေ့ပင် ဖြစ်ကြောင်း။

ကွာဟမှုနည်းပါး

ဤသို့တိုးတက်ရာတွင် တစ်နိုင်ငံလုံး မျှမျှတတ တစ်ရှိန်ထိုး တိုးတက်စေရန်အတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဒေသကြီး ၂၄ခု ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း စသည်ဖြင့် စီမံကိန်းကြီးသုံးခုကိုချမှတ်ပြီး အဆက်အစပ်ရှိရှိ ချိတ်ဆက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် ကျေးလက်နှင့် မြို့ပြကွာဟမှုနည်းပါးပြီး ဟန်ချက်ညီညီ၊ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း။

တပ်မတော်အစိုးရသည် တစ်ဖက်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အားသွန်ခွန်စိုက် ကြိုးပမ်းတည်ဆောက်ရင်း တစ်ဖက်ကလည်း ပြည်သူအများ လိုလားတောင့်တနေကြသည့် ဒီမိုကရေစီနိုင်ငံထူထောင်ရေးကို မျက်ခြည်ပြတ်မခံဘဲ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကာ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပထမအချက်လည်းဖြစ်ပြီး အရေးကြီးဆုံးအချက်လည်း ဖြစ်သည့် အမျိုးသားညီလာခံ ပြန်လည်ကျင်းပရေးကို အောင်အောင်မြင်မြင်နှင့် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

အနေးနှင့်အမြန်

ဒီမိုကရေစီကျင့်သုံးသည့် နိုင်ငံအဖြစ် ကူးပြောင်းရာတွင် မိမိတို့လူမျိုး၏ ဓလေ့၊ စရိုက်၊ ယဉ်ကျေးမှုနှင့် အံဝင်ခွင်ကျဖြစ်မည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီမျိုးကို အနေးနှင့်အမြန် ကူးပြောင်းသွားမည်ဖြစ်ကြောင်း၊ ဤနေရာတွင် ပြည်တွင်း ပြည်ပက အနှောင့်အယှက် အဟန့်အတား အဖျက်အဆီးများကိုလည်း ရင်ဆိုင်ကျော်လွှားနေရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ကိုလိုနီနယ်ချဲ့လက်သစ်များ၊ ပြည်ပအားကိုးပုဆိန်ရိုးများ၊ အမေကျော် ဒွေးတော်လွမ်းသူများ၊ မင်းသားကြီးမလုပ်ရလျှင် ပတ်မကြီးထိုးဖောက်မည်ဆိုသူများ၊ အာဏာကို ငမ်းငမ်းတက်ပြီး အတင်းအာဏာလွှဲပြောင်းခိုင်းနေသည့်သူများအား ရင်ဆိုင်တွန်းလှန် ကျော်လွှားနေရသည့်အတွက် ဒီမိုကရေစီခရီးမှာ နီးလျက်နှင့်ဝေးနေရသည့်အခြေအနေမျိုး ဖြစ်ကြောင်း။

ထို့ကြောင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အဖျက်သမားအန္တရာယ်ကို ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ဝိုင်းဝန်းဆန့်ကျင် ချေမှုန်းသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးသည် ဒီမိုကရေစီကူးပြောင်းရေးအတွက် အဓိကလုပ်ငန်းများဖြစ်ခြင်းကြောင့် ယင်း

လုပ်ငန်းစဉ်များ အောင်မြင်ရေးအ...
စိတ်ဓာတ်အခြေခံပြီး ဝိုင်းဝန်းပါ...

မ...

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတ...
သည် တည်ငြိမ်ရန်၊ လုံခြုံရန်၊ တ...
အထက်က ရှင်းလင်းပြောကြားခဲ့...
အောင် တည်ဆောက်ရာတွင်သ...
လည်း Peace and Security ...
ထို့ကြောင့် နိုင်ငံတော်တည်...
တို့မှာ အလွန်အရေးကြီးကြောင်း...
နိုင်ငံတော် လုံခြုံတည်ငြိမ်ရေးနှ...

(၁) တပ်ကောင်းဖို့လိုတ...
(၂) ရဲကောင်းဖို့လိုတယ်...
(၃) အုပ်ချုပ်ရေးအဖွဲ့တွေ...

ဟု ထောက်ပြထားကြောင်း။
တပ်ကောင်းရန်အတွက် ယ...
စွမ်းရည်ထက်မြက်သည့် တပ်...
Army ဖြစ်အောင် တပ်တည်...
တည်ဆောက်နေကြောင်း။

ရဲတ...

ရဲတပ်ဖွဲ့ကောင်းရန်အတွ...
တပ်ဖွဲ့ဖြစ်ရေး၊ ပြည်သူချစ်သော...
အရန်အင်အားတစ်ရပ်ဖြစ်ရေးတို...
ရဲတပ်ဖွဲ့၏ စီမံခန့်ခွဲရေးစနစ် ပြုပြ...
စတင်ဖွဲ့စည်းပြီး ဆပ်ကော်မတီ...
သည်မှာ ယခုဆိုလျှင် ၁၀နှစ်...
ယင်းကော်မတီနှင့် ဆပ်...
လမ်းညွှန်ချက်များကိုခံယူပြီး ရဲတ...
ထားပြီးဖြစ်ကြောင်း၊ ယင်းအဓိ...

(၁) ရပ်ရွာအေးချမ်းသ...
(၂) တိုင်းရင်းသားပြည်... အောက်တွင် စိ... ဝမ်းစာရှာမှီး စာ...
(၃) နိုင်ငံတော်၌ အ... ကာကွယ်ရေးနှင့် ... တာဝန်တို့ ဖြစ်...

ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်...
သုံးရပ်ကို ကျေကျေပွန်ပွန် ထ...
ဆောင်ရွက်နေရန်လိုကြောင်း။

မျိုးချစ်...

ယင်းတာဝန်များအပြင် မြ...
စွန့်စွန့်စားစား ဆောင်ရွက်ကြရ...
စွမ်းရည်ပြည့်ဝရန်လိုကြောင်း၊ ...
သည့် မျိုးချစ်စိတ်ဓာတ်ဆိုသ...
စောင့်ရှောက်လိုသည့် စိတ်ဓာတ်...
ရပ်တည်ရမည်ဖြစ်ကြောင်း၊ ကိုလို...
များ၊ ဗျူရိုကရက်ဆန်သည့် အက...
နေသည့် ဤဘက်ခေတ်အထိ ...
စွမ်းရည်ပြည့်ဝရန်အတွက်...
ပွဲမဝင်ခင် အပြင်ကကျင်းပဆို...
အကြိမ်ကြိမ်အထပ်ထပ် လေ့က...
ရဲတပ်ဖွဲ့နှင့်ပတ်သက်သည့် ခေတ်...
ရဲတပ်ဖွဲ့ဝင်များထံမှ အမြဲမပြတ် ...
အင်တာနက်၊ အင်ထရာနက် စသ...
ရမည်ဖြစ်ကြောင်း။

ကြပ်ကြ...

မိမိတို့ရဲတပ်ဖွဲ့၏ အဓိကတ...
တရားဥပဒေစိုးမိုးရေးအတွက် ...
မောဟဆိုသည့် အဂတိတရားလေ...
ဖြစ်ကြောင်း၊ တောင်း၍ပေးရခြ...
မျှော်ကိုးပြီး ပေးရခြင်း၊ မပေး...
စသည့် တပ်ဖွဲ့၏ဂုဏ်သိက္ခာကို...
အောက်ခြေအထိ ကြပ်ကြပ်မတ်...

> **ရဲတပ်ဖွဲ့၏ အဓိကတာဝန်ဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ရာတွင် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟဆိုသည့် အဂတိတရားလေးပါး၊ တံစိုးသုံးပါးတို့ကို ရှောင်ရှားကြရမည်ဖြစ်၊**
>
> **တောင်း၍ပေးရခြင်း၊ မတောင်းသော်လည်း အခွင့်အရေးကို မျှော်ကိုးပြီး ပေးရခြင်း၊ မပေးပေးအောင် ပညာပြခြင်း၊ အကျပ်ကိုင်ခြင်း စသည့် တပ်ဖွဲ့၏ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းစေသည့် လုပ်ရပ်များကို အောက်ခြေအထိ ကြပ်ကြပ်မတ်မတ် တားဆီးသွားရန်လို၊**
>
> **မိမိတို့၏ သမာဓိဂုဏ်၊ ပညာဂုဏ်ကို တန်ဖိုးထားပြီး စောင့်ထိန်း။**

...တွင်လည်း Peace and Security သည် မရှိမဖြစ်လိုအပ်

...င်၊ ပြည်သူက လေးစားယုံကြည်အောင် ရဲကျင့်ဝတ်နှင့်အညီ ကျင့်ကြံနေထိုင်

လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အားလုံးက မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံပြီး ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မရှိမဖြစ်လိုအပ်

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် နိုင်ငံတော်သည် တည်ငြိမ်ရန်၊ လုံခြုံရန်၊ တရားဥပဒေစိုးမိုးရန် လိုအပ်သည်ဆိုသည်ကို အထက်က ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင်သာမက ဒီမိုကရေစီအသွင်ကူးပြောင်းရာတွင်လည်း Peace and Security သည် မရှိမဖြစ် လိုအပ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့မှာ အလွန်အရေးကြီးကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက နိုင်ငံတော် လုံခြုံတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက်-

(၁) တပ်ကောင်းဖို့လိုတယ်။

(၂) ရဲကောင်းဖို့လိုတယ်။

(၃) အုပ်ချုပ်ရေးအဖွဲ့တွေ ကောင်းဖို့လိုတယ်

ဟု ထောက်ပြထားကြောင်း။

တပ်ကောင်းရန်အတွက် ယနေ့တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် တပ်မတော်၊ ကမ္ဘာ့အဆင့်မီသည့် Standard Army ဖြစ်အောင် တပ်တည်ဆောက်ရေးလုပ်ငန်း တာဝန်ကြီးလေးရပ်နှင့် တည်ဆောက်နေကြောင်း။

ရဲတပ်ဖွဲ့ကောင်းရန်

ရဲတပ်ဖွဲ့ကောင်းရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို စနစ်ကျနသော တပ်ဖွဲ့ဖြစ်ရေး၊ ပြည်သူချစ်သော တပ်ဖွဲ့ဖြစ်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားတစ်ရပ်ဖြစ်ရေးတို့အတွက် ရည်မှန်းချက်ထားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲရေးစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီကို ၁၉၉၄ခုနှစ်ကပင် စတင်ဖွဲ့စည်းပြီး ဆပ်ကော်မတီခြောက်ရပ်နှင့်အတူ ကြိုးကြပ်ဆောင်ရွက်ခဲ့သည်မှာ ယခုဆိုလျှင် ၁၀နှစ်ကျော် ရှိခဲ့ပြီဖြစ်ကြောင်း။

ယင်းကော်မတီနှင့် ဆပ်ကော်မတီများသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကိုခံယူပြီး ရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း၊ ယင်းအဓိကတာဝန်များမှာ-

(၁) ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်၊

(၂) တိုင်းရင်းသားပြည်သူများ တရားဥပဒေ၏ အကာအကွယ်အောက်တွင် စိတ်အေးချမ်းမြေ့လွတ်လပ်စွာ ပရိယေသနဝမ်းစာရှာမှီး စားသောက်နိုင်ရေးတာဝန်နှင့်

(၃) နိုင်ငံတော်၌ အရေးကြုံကာလရောက်ရှိပါက နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ရေးတာဝန်တို့ ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပေးအပ်ထားသည့် ယင်းတာဝန်သုံးရပ်ကို ကျေကျေပွန်ပွန် ထမ်းရွက်နိုင်ရန်အတွက် အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်နေရန်လိုကြောင်း။

မျိုးချစ်စိတ်ဓာတ်ရှိရန်လို

ယင်းတာဝန်များအပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တချို့နေရာများ၌ စွန့်စွန့်စားစား ဆောင်ရွက်ကြရသည့်အတွက် မျိုးချစ်စိတ်ရှိရန်လိုကြောင်း၊ စွမ်းရည်ပြည့်ဝရန်လိုကြောင်း၊ ခေတ်မီသည့် တပ်ဖွဲ့ဖြစ်ရန်လိုကြောင်း၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်ဖြစ်ကြောင်း၊ ပြည်သူဘက်က မားမားမတ်မတ် ရပ်တည်ရမည်ဖြစ်ကြောင်း၊ ကိုလိုနီခေတ်က အတွေးအခေါ် အယူအဆဟောင်းများ၊ ဗျူရိုကရက်ဆန်သည့် အကျင့်ဆိုးများကို နိုင်ငံတော်သစ် တည်ဆောက်နေသည့် ဤဘက်ခေတ်အထိ သယ်ဆောင်မလာရန်လိုကြောင်း။

စွမ်းရည်ပြည့်ဝရန်အတွက်မှာ အမြဲတမ်းလေ့ကျင့်နေရန် လိုကြောင်း၊ ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသည့် စကားကဲ့သို့ ကျင့်သားရနေအောင် အကြိမ်ကြိမ်အထပ်ထပ် လေ့ကျင့်ရမည်ဖြစ်ကြောင်း၊ ခေတ်မီရန်အတွက်မူ ရဲတပ်ဖွဲ့နှင့်ပတ်သက်သည့် ခေတ်မီအတတ်ပညာများကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ ရဲတပ်ဖွဲ့ဝင်များထံမှ အမြဲမပြတ် လေ့လာဆည်းပူးရန်လိုကြောင်း၊ ကွန်ပျူတာ၊ အင်တာနက်၊ အင်ထရာနက် စသည်တို့ကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုတတ်ရမည်ဖြစ်ကြောင်း။

ကြပ်ကြပ်မတ်မတ်တားဆီး

မိမိတို့ရဲတပ်ဖွဲ့၏ အဓိကတာဝန်ဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ရာတွင် ဆန္ဒာ၊ ဒေါသ၊ ဘယာ၊ မောဟဆိုသည့် အဂတိတရားလေးပါး၊ တံစိုးသုံးပါးတို့ကို ရှောင်ရှားကြရမည်ဖြစ်ကြောင်း၊ တောင်း၍ပေးရခြင်း၊ မတောင်းသော်လည်း အခွင့်အရေးကို မျှော်ကိုးပြီး ပေးရခြင်း၊ မပေးပေးအောင် ပညာပြခြင်း၊ အကျပ်ကိုင်ခြင်း စသည့် တပ်ဖွဲ့၏ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းစေသည့် လုပ်ရပ်များကို အောက်ခြေအထိ ကြပ်ကြပ်မတ်မတ် တားဆီးသွားရန်လိုကြောင်း၊ မိမိတို့၏ သမာဓိဂုဏ်၊ ပညာဂုဏ်ကို တန်ဖိုးထားပြီး စောင့်ထိန်းသွားကြရမည် ဖြစ်ကြောင်း၊ တရားခံအစစ်အမှန်ကို ဖော်ထုတ်ရာတွင် အခင်းဖြစ်ပွားရာသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်ပြီး ပစ္စည်းသက်သေ၊ လူသက်သေတို့ကို စုံစုံလင်လင် ရှာဖွေစစ်ဆေးရန်လိုကြောင်း၊ ပြစ်မှုကျူးလွန်သူအစစ်အမှန်ကို သက်သေအထောက်အထားအစုံအလင်ဖြင့် တရားစွဲဆို တင်ပြနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယင်းသို့ တရားစွဲဆိုဆောင်ရွက်ရာတွင် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ တရားစွဲ အဖွဲ့အစည်းဝင်များ၊ မှုခင်းဆရာဝန်များ၊ ဓာတ်ခွဲခန်းကျွမ်းကျင်သူများနှင့် နီးကပ်စွာ ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြစ်မှုကျူးလွန်သူ အစစ်အမှန်ကိုဖော်ထုတ်ပြီး ဟန့်တားလောက်သည့် ပြစ်ဒဏ်များချမှတ်ကာ တရားရေးမဏ္ဍိုင် ခိုင်ခံ့တည့်မတ်မှန်ကန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

တရားခံအစစ်အမှန်ဖော်ထုတ်

အချို့သော ပြစ်မှုကျူးလွန်သူများသည် လောဘ၊ ဒေါသ၊ မောဟကြောင့် ကျူးလွန်ကြခြင်းရှိသကဲ့သို့ တချို့လည်း မလွှဲမရှောင်သာ၍ ကျူးလွန်ရတာမျိုး၊ တချို့မှာ မဟုတ်မမှန် လုပ်ကြံစွပ်စွဲခံရခြင်းများ ရှိတတ်သည့်အတွက် တရားခံအစစ်အမှန်ကို သတိ၊ ပညာ၊ ဝီရိယတို့ဖြင့် ခွဲခြားစိတ်ဖြာပြီး မှန်မှန်ကန်ကန် သုံးသပ်ဆုံးဖြတ်ကာ တရားခံအစစ်အမှန်ကို ဖော်ထုတ်တရားစွဲဆိုကြရန် လိုကြောင်း၊ ကိုလိုနီခေတ်ကကဲ့သို့ သခင်အလိုကျ ဘိန်းပစ်ပြီး ဖမ်းဆီးသည့် အပြုအမူမျိုးများ လုံးဝပပျောက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

အရေးကြုံလာလျှင် တပ်မတော်နှင့်အတူလက်တွဲပြီး နိုင်ငံတော်ကို ကာကွယ်ရန်အတွက် အင်အားတောင့်တင်းအောင်၊ စွမ်းရည်ရှိအောင် အမြဲမပြတ် ပြင်ဆင်ထားရန်လိုကြောင်း၊ ပြည်သူ့စစ်မဟာဗျူဟာ ဆင်နွှဲနိုင်ရန်အတွက် ရဲတပ်ဖွဲ့သည် ပြည်သူအတွင်းတွင် ပြည်သူများနှင့် တစ်သားတည်းဖြစ်နေအောင် ပြည်သူက ချစ်ခင်လေးစားယုံကြည်အောင် ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်ရန်၊ ပြည်သူကို မတရားညှဉ်းပန်းနှိပ်စက်မှု၊ အနိုင့်အထက်ပြုကျင့်မှုများ မလုပ်မိအောင် ရှောင်ရှားရန်၊ ရဲကျင့်ဝတ်နှင့်အညီ ပြုမူကျင့်ကြံနေထိုင်ပြီး ပြည်သူဘက်က မားမားမတ်မတ် ရပ်တည်သွားရန် မှာကြားလိုကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေး

ထို့အပြင် မူးယစ်ဆေးဝါးသည် တစ်မျိုးသားလုံးကို လူညွှန့်တုံးစေပြီး တစ်ကမ္ဘာလုံးကို အန္တရာယ်ပြုသည့် ကိစ္စဖြစ်သည့်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ချမှတ်ထားသည့် (၁၅)နှစ်စီမံချက်နှင့်အညီ မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ်တို့ကို လက်တွေ့ကျင့်သုံးပြီး မြန်မာ့မြေပေါ်က လုံးဝပပျောက်သွားအောင်ကြိုးပမ်းဆောင်ရွက်ကြရန်၊ မူးယစ်ဆေးဝါးသည် နိုင်ငံနှင့်လူမျိုး၏ဂုဏ်သိက္ခာကို ထိခိုက်စေသည်သာမက တစ်မျိုးသားလုံး လူညွှန့်တုံးသည်အထိ အလွန်အန္တရာယ်ကြီးမားသည်ကို လူငယ်လူရွယ်များနှင့် ပြည်သူလူထု စိမ့်ဝင်သိရှိရှောင်ကြဉ်နိုင်အောင် ပညာပေးစည်းရုံးသွားရန်နှင့် ပန်းတိုင်သစ်စီမံချက်နှင့်အညီ ဘိန်းအစားထိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

လူမှောင်ခိုကူးမှု

ယနေ့အချိန်အခါတွင် လူမှောင်ခိုကူးမှုပြဿနာသည် ကမ္ဘာ့မျက်နှာစာ၌ ရှေ့တန်းသို့ရောက်ရှိလာခဲ့ပြီး မိမိတို့နိုင်ငံအတွက်လည်း အလေးထား တားဆီးကာကွယ်သွားရမည့်ကိစ္စဖြစ်ကြောင်း၊ လူမှောင်ခိုကူးမှု တားဆီးကာကွယ်ရေး စီမံချက် ရေးဆွဲဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဟန်ချက်ညီညီပေါင်းစပ်၍ လူထုအား ပညာပေးခြင်း၊ လူမှောင်ခိုမကူးနိုင်အောင် ဟန့်တားကာကွယ်ခြင်း၊ ဥပဒေအရ ထိရောက်စွာ အရေးယူခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်သူချစ်သော ရဲတပ်ဖွဲ့ဖြစ်အောင် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြုပြင်ပြောင်းလဲပစ်ရမည် ဖြစ်ကြောင်း၊ ကိုလိုနီခေတ်၏ အတွေးအခေါ် အယူအဆဟောင်းများကို လုံးဝပြောင်းလဲပစ်ပြီး ပြည်သူဘက်ကရပ်တည်သော၊ ပြည်သူကို ကူညီစောင့်ရှောက် အလုပ်အကျွေးပြုသော၊ ပြည်သူနှင့် တစ်သားတည်းဖြစ်သော ရဲတပ်ဖွဲ့ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြပါဟု မှာကြားသည်။

(သတင်းစဉ်)

ဇူလိုင် ၁၄ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး ပြင်သစ် သမ္မတနိုင်ငံ နှစ်ပတ်လည် အမျိုးသားနေ့ ညစာ ခံပွဲသို့တက်ရောက်လာရာပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jean. Michel Lacombe နှင့် ဇနီးတို့က ကြိုဆို နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဝံပုလွေတို့၏ မုသားမီဒီယာ...

* ဘေးမတီးနှင့်
အရေးကြီးက
သွေးစည်းကြတာ ဒို့မြန်မာ။

* သွေးမခွဲနှင့်
ရိုးထဲခြင်ဆီ၊ ကမ္ဘာတည်အောင်
သာကီစိတ်ဓာတ်၊ အတိတ်ဇာတ်နှင့်
မြင့်မြတ်ခဲ့တာ ဒို့မြန်မာ။

* သပ်မထိုးနှင့်
မြတ်နိုးမူလ၊ တူတကွပင်
ကူကြ ဝိုင်းကြ၊ မဆိုင်းတွဘဲ
မှိုင်းမကြတာ ဒို့မြန်မာ။

* ဉာဉ်အဟောင်းဖြင့်
အကောင်းမထင်၊ မကောင်းမြင်ကာ
ဝံသွင်ပမာ၊ အပြစ်ရှာ၍
နစ်နာအောင်ပြု၊ အနောက်အုပ်စု၏
မုသားတည်ရာ၊ မီဒီယာကို
ရင်မှာနင့်သီး၊ ထင်မကြီးပြီ
ကြဉ်ပြီးရှောင်ဖယ်သင့်တကား။ ။

မင်းယဉ်စု...

ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်မ...
ဒေသခံပြည်သူများအား အသိပညာပေး စည်းရုံးဆောင်ရွ...

ရန်ကုန် ဇူလိုင် ၁၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြား... ချုပ်နှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးတို့လိုက်ပါလျက် ဇူလိုင် ၁၁ရက်တွင် ဧရာဝတီ... ရေကြည်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာန ... ရုံးများသို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြပြီး ဝန်... ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဆက်ဆံရေးပြေပြစ်ချိုသာမှုသည် အရေးကြီး... ဒေသခံပြည်သူများအား ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို အသိပညာပေး စည်းရုံးဆော... ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ကျုံပျော်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့အသေးစားချေးငွေလုပ်ငန်း မြို့နယ်ရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဌာနအလိုက် တင်ပြချက်များအပေါ် ဝန်ကြီးက ဝန်ထမ်းတိုင်း ဌာနတာဝန်များကို ပြည့်ဝမှန်ကန် တာဝန်သိစွာ ဆောင်ရွက်ရင်း ဒေသဖွံ့ဖြိုးရေးဝိုင်းဝန်း ဆောင်ရွက်ကြရန် မှာကြားသည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဇူလိုင် ၁၂ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် အစည်းအဝေးခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများအား တွေ့ဆုံရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး၊ ဟင်္သာတခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧရာဝ... ဇလွန်မြို့နယ်၊ ဓနုဖြူမြို့န... ညောင်တုန်းမြို့နယ်များရှိ ဘဏ္ဍာ... နှင့် အခွန်ဝန်ကြီးဌာန၏ ဦးစ... မြို့နယ်ရုံးများသို့ သွားရောက် ... စစ်ဆေးပြီး ဝန်ကြီးက ဝန်ထ... အနေဖြင့် တာဝန်ထမ်းဆောင်... ဒေသခံ ပြည်သူများအား ... ပျူငှာစွာဆက်ဆံကြရန်လိုအပ်... မှာကြားသည်။ (သတ...

မြန်မာ့ရုပ်မြင်သံကြားအစီအစ...

၁၅-၇-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ အကပြိုင်ပွဲ

၈:၁၀ ၆။ ကြေးမုံရိပ်သွင်တေးနှယဉ်

၈:၂၀ ၇။ စလင်းရေလှောင်တမံ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ English for Everyday Use.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice in Reading.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပ... ရုပ်မြင်သံကြားသင်ခန်း... - ပထမနှစ် (ရက္ခဗေဒအထူးပြု)(ရ...**

၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်း... ရိုးရာတေးသံသာ

၅:၃၀ ၇။ အတီးပြိုင်ပွဲ

၅:၃၅ ၈။ **"စက်မှုတပ်ဆင်လုပ်ငန်... (အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွ... အကယ်ဒမီ မို့မို့မြင့်အေ... (ဒါရိုက်တာ-ဝင်းထွန်း...**

၅:၄၀ ၉။ တေးဂီတအစီအစဉ်

၅:၅၅ ၁၀။ သုတစုံလင်ရွှေဉာဏ်ရှင်...

၆:၃၀ ၁၁။ ညနေခင်းသတင်း

၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောညီမ" (အပိုင်း-၄၈) (ဇာတ်သိမ်...**

၇:၄၀ ၁၄။ နှောင်းခေတ်တေးပဒေ...

၈:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ...

၁၇။ မိုးလေဝသအခြေအနေ

၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိတ်ဆွေ" (အပိုင်...**

၁၉။ နောက်တစ်နေ့အစီအစ...

၂၀။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ပေါင်ချိန်စက်များလှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ပေါင်ချိန်စက်များ လှူဒါန်းပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ပေါင်ချိန်စက်များ လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ပေါင်ချိန်စက်များကိုပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါ ပေါင်ချိန်စက်များကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသများရှိ သားဖွားခန်းများသို့ ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ပေါင်ချိန်စက်များလှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ပေါင်ချိန်စက်များကိုပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် လက်ခံယူစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

ကျန်းမာရေးမှူး ဒေါ်ရီရီအောင်က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ရွှေလီတံတား(ငါးအိုး)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေလီတံတား(ငါးအိုး)သို့ ရောက်ရှိကြပြီး ရွှေလီတံတား(ငါးအိုး) ကွဲ့ခိုင်မှု အခြေအနေနှင့် ကျောက်စီရေလွှဲတန်းများ အခြေအနေတို့ကို တံတားပေါ်မှ ကြည့်ရှုစစ်ဆေးရာ တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၆)မှ လက်ထောက်အင်ဂျင်နီယာ ဦးသန်းမြင့်က လိုက်လံရှင်းလင်းပြသသည်။ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားရေရှည်ကွဲ့ခိုင်ရေးနှင့် ရေတိုက်စားမှုမှ ကာကွယ်ရေးအတွက် ထိန်းသိမ်းမှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီခွဲတွင် မိုင်တိုင်အမှတ်(၇၅) အနီးရှိ သစ်တောဦးစီးဌာန ထီးချိုင့်မြို့အင်ဒေါင်းကြိုးဝိုင်းကျွန်း(အထူး)စိုက်ခင်း ဧက ၅၀၀ သို့ ရောက်ရှိကြသည်။ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ထီးချိုင့်သစ်တောဦးစီးဌာနမှ တောအုပ်ဦးမြင့်ဦးက စိုက်ခင်းအား အကွက်သုံးကွက်ခွဲပြီး (အေ)အကွက်၌ အပင် ၂၀၀၊ (ဘီ) အကွက်၌ အပင် ၁၅၀၊ (စီ)အကွက်၌ အပင်၁၅၀ စိုက်ပျိုးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်ကလိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကျွန်းပျိုးခင်းနှင့် ကျွန်းပင်ပေါက်များမြေချပျိုးထောင်စိုက်ပျိုးမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၄၇/၂)သို့ ရောက်ရှိကြပြီး လမ်းဘေးဝဲ/ယာတို့၌ ကျွန်းပင်များ ရှင်သန်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းတည့် ၁၂ နာရီတွင် တကောင်းမြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မန္တလေး-တကောင်း - ဗန်းမော်လမ်းမကြီး ဆောက်လုပ်ရေးစီမံကိန်း တကောင်း အခြေစိုက်စခန်းသို့ ရောက်ရှိကြရာ အင်ဂျင်နီယာမှူး ဦးအေးနိုင်ထွန်းက တကောင်း-ငါးအိုးလမ်းပိုင်းတွင် အခြေခံကျောက်လွှာ ပထမအလွှာကို (၄၆/၃)မိုင်တွင် (၄၂/၀)မိုင်ပြီးစီးမှု အခြေခံကျောက်လွှာဒုတိယအလွှာကို (၈/၃) မိုင်တွင် အားလုံးခင်းပြီးစီးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သပိတ်ကျင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တကောင်းမြို့အုပ်ချုပ်ရေးမှူးတို့က ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် တကောင်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး လူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းတို့အား လိုက်လံကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာသန်းသန်းဌေးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းအောင်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တကောင်းမြို့ ဖွံ့ဖြိုးစည်ပင်နေမှုနှင့် တကောင်းမြို့ရိုးဟောင်းတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီတွင် တကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ မြို့နယ်ပညာရေးမှူး ဦးကန်ခန့်ကျင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်တို့က ကျောင်းဝင်းအတွင်း နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဗန်းမော်-တကောင်း - မန္တလေးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာမွန်းလွဲ၁နာရီ မိနစ် ၄၀ တွင် မိုင်တိုင်အမှတ် (၂၂/၃)သို့ ရောက်ရှိကြပြီး လမ်းဘေးဝဲ/ယာ ကျွန်းစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် သပိတ်ကျင်းမြို့နယ် တွင်းငယ်ကျေးရွာရှိ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း မန္တလေး-တကောင်း-ဗန်းမော် ရောဝတီမြစ်အရှေ့ခြမ်း လမ်းမကြီး သပိတ်ကျင်း-တကောင်းအပိုင်း စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမောင်က အခြေခံကျောက်လွှာခင်းမှု ၁၇ မိုင် ပြီးစီးမှု၊ ကျောက်စုဆောင်းရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်မှူးကြီး ရဲမြင့်သည် ဗန်းမော်-တကောင်း-မန္တလေးလမ်းနှင့် တွင်းငယ်-မိုးမိတ်လမ်းဆုံသို့ရောက်ရှိကြပြီး ကျောက်စုဆောင်းရရှိမှုနှင့် အခြေခံလွှာခင်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် တွင်းငယ်-မိုးမိတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာညနေ၃နာရီတွင် မိုးမိတ်မြို့နယ် ကင်းချောင်းကျေးရွာရှိ ကင်းချောင်းတံတားသို့ ရောက်ရှိကြရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမောင်က ကင်းချောင်းတံတားတည်ဆောက် ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကင်းချောင်းတံတားပေါ်မှ ကင်းချောင်းတံတား ကွဲ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့်ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ကျောက်မဲခရိုင် မိုးမိတ်မြို့သို့ ရောက်ရှိကြပြီး မိုးမိတ်မြို့၌ ညအိပ်ရပ်နားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ယင်းနေ့ နံနက် ၆ နာရီခွဲတွင် ရွှေကူမြို့ရှိ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား နယ်မြေခံတပ်ရင်း မြဝတီခန်းမတွင်လည်းကောင်း၊နံနက် ၉ နာရီ ၁၀ မိနစ်တွင် မဘိမ်းမြို့နယ် ငါးအိုးရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား စုပေါင်းခန်းမတွင်လည်းကောင်း တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တပ်သက်သာချောင်ချိရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် မိသားစုများကလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြရန်၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရေး မှာကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက် မြင်သာမြို့ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို (ဝါဆိုလပြည့်နေ့) ဇူလိုင် ၂၀ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်၍ ဒါယကာ၊ ဒါယိကာမများအား ကြွရောက်ကြပါရန် အကျိုးဆောင်အဖွဲ့က နိုးဆော်ထားသည်။ (က-ပ)

အောင်ဓမ္မာရုံ မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် ဇူလိုင် ၁၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ တပည့် နိုင်ငံကျော် ဓမ္မကထိက သာသနာ့ဟိတရေ ရွှေတံဆိပ်ဆုရ ဆရာကြီး ဦးစောအောင်သည် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်း အောင်ဓမ္မာရုံတွင် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်နှင့် သစ္စာလေးပါးတရားများကို ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ၂၀-၇-၂၀၀၅(ဗုဒ္ဓဟူးနေ့)မှစ၍ အပတ်စဉ် ဥပုသ်နေ့နှင့် တနင်္ဂနွေနေ့တိုင်း တစ်ပတ်လျှင် နှစ်ရက်၊ ည ၇နာရီမှ ၉နာရီအထိ ဝါတွင်းသုံးလပတ်လုံး ဟောကြားပြသမည်ဖြစ်၍ အောင်ဓမ္မာရုံကြီးသို့ ကြွရောက်၍ တရားနာကြားနိုင်ကြောင်းသိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၇-၂၀၀၅ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	စိုက်ပျိုးရေးနည်းပညာ ဟင်းသီးဟင်းရွက်စိုက်ခင်းများ
၇:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းနှင့် တရုတ်နိုင်ငံစီချွမ်ပြည်နယ် အမျိုးသားအသင်းတို့၏ ချစ်ကြည်ရေးဘော်လီဘော ပြိုင်ပွဲ
၈:၁၀	ပြည်တွင်းသတင်းအကျဉ်း
၈:၂၅	မြန်မာစာ၊မြန်မာစကား(၄)
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌဖလား တံခွန်စိုက်အလေးမပြိုင်ပွဲ [အမျိုးသမီးအသက်(၂၀)နှစ်အောက်]
၈:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၀၀	ကမ္ဘာ့အမြင် ကမ္ဘာ့စီးပွား
၉:၃၅	ပြည်တွင်းသတင်းအကျဉ်း
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ (စိုးသူ၊ နန်းကလျာလှိုင်၊ ကျော်မင်းနောင်)
၉:၅၀	မိုးလေဝသခန့်မှန်းချက်
၉:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀	မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	ဗီစီဒီမိတ်ဆက် (ခင်မောင်တိုး)
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	အန္တရာယ်ကင်းဝေး ဘေးကင်းရေး ကျန်းမာရေးဖြင့်အသိပေး
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ(၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

❀ လုပ်ငန်းရှင်များမှ

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် ယနေ့ မိမိတို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (တပ်မတော်အစိုးရ)သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံ၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံဖြစ်အောင် တည်ဆောက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ဦးဆောင်မှုနှင့်အတူ ပြည်နယ်၊ တိုင်းအသီးသီးသည်လည်း မိမိတို့ ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြကြောင်း။

တနင်္သာရီတိုင်းသည် ရေ၊ မြေ သယံဇာတအခြေခံကောင်းများ တည်ရှိနေသဖြင့် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့ တက်ညီလက်ညီ ပေါင်းစပ်၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် အလုပ်လုပ်ကြရန် လိုကြောင်း။

မိမိတို့ တပ်မတော်အစိုးရလက်ထက်တွင် တနင်္သာရီတိုင်းအပါအဝင် ပြည်နယ်၊ တိုင်းအားလုံး ပြည်ထောင်စုကြီး နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှတစွာ အမြန်ဆုံး ဖွံ့ဖြိုးလာအောင် စီမံကိန်းများချမှတ်၍ အလေးပေးဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းပြည်၌ အရင်းအနှီးနှင့် အတတ်ပညာရှိသော တိုင်းရင်းသားလုပ်ငန်းရှင်အင်အားစုကို မိမိတို့လက်ထက်၌ ပေါ်ထွန်းလာအောင် အားပေးကူညီစောင့်ရှောက်မှုများ ပြုခဲ့ကြောင်း၊ စီးပွားရေး ကုန်ထုတ်လုပ်ငန်းများ၌လည်း ရင်းနှီးပါဝင် လုပ်ကိုင်လာနိုင်အောင် အခွင့်အလမ်းများ ဖွင့်ပေးခဲ့ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ရာ၌ တိုင်းပြည်၏ စီးပွားရေးအင်အား တောင့်တင်းခိုင်မာလာအောင် တာဝန်သိသိဖြင့် ကြိုးစားလုပ်ကိုင်နေသော တိုင်းရင်းသားလုပ်ငန်းရှင်များကို တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားနေကြသော လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်များအဖြစ် မိမိတို့ကသဘောထားကာ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အကူအညီပေးသွားမည်

လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကိုလည်း ဥပဒေနှင့်အညီ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ပိုင်ခွင့်ပြု၍ ကာကွယ်စောင့်ရှောက် အကူအညီပေးသွားမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရာတွင် တိုင်းပြည်၏ စီးပွားရေး တောင့်တင်းရန်လိုအပ်ကြောင်း၊ ယင်းသို့ စီးပွားရေးတောင့်တင်းရန်မှာ လုပ်ရည်ကိုင်ရည်နှင့် အရင်းအနှီးရှိသည့် တိုင်းရင်းသား လုပ်ငန်းရှင်များက တိုင်းပြည်၏စီးပွားရေးတောင့်တင်းအောင် ရေရှည်ရည်မှန်းချက်များဖြင့် ယခုကဲ့သို့ အမြင်ကျယ်ကျယ် ကြိုးစားဆောင်ရွက်လုပ်ကိုင်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုထံ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာအောင်လွင်က ရေလှောင်တမံဖွင့်ပွဲ အထိမ်းအမှတ်အလံကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင် ဖွင့်လှစ်မည့်နေရာသို့ သွားရောက်နေရာယူကြသည်။

ပထော်ရေလှောင်တမံ

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပထော်ရေလှောင်တမံ ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာအောင်လွင်နှင့် ဒါရိုက်တာဦးလှသန်းတို့သည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပထော်ရေလှောင်တမံ မုခ်ဦးဆိုင်းဘုတ်ရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့်တစ်ပြိုင်တည်း တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဒေါက်တာအောင်လွင်နှင့် ဒါရိုက်တာ ဦးလှသန်းတို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ မုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပထော်ရေလှောင်တမံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ပထော်ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး ပတ်လည်တမံ အလျားပေ ၂၄၀၀၊ တမံအမြင့် ၂၃ ပေနှင့် ကန်ရေပြည့်ဧရိယာ ဧက ၂၀ ရှိကာ ရေသိုလှောင်နိုင်စွမ်းမှာ ဂါလန်သန်း ၇၀ ဖြစ်သည်။

ပထော်ရေလှောင်တမံတည်ဆောက်နိုင်ခြင်းဖြင့် ပထော်ကျွန်းပေါ်ရှိစက်ရုံ၊ အလုပ်ရုံများနှင့် လူဦးရေ ၇၀၀၀ကျော်တို့အတွက် ရေလုံလောက်စွာ သုံးစွဲနိုင်ပြီး အဆိုပါ ပထော်ရေလှောင်တမံလုပ်ငန်းအတွက် ကုမ္ပဏီမှ ငွေကျပ်သန်း ၃၀၀ကျော် ကုန်ကျခဲ့ကြောင်းသိရသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၏ မကြာမီဖွင့်လှစ်မည့် ငါးအမှုန့်ကြိတ်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ငါးအမှုန့်ကြိတ်စက်ရုံမှာ တစ်နေ့လျှင် ကုန်ကြမ်းတန်ချိန် ၆၀ ကြိတ်နိုင်ပြီး မွေးမြူရေး အစာစပ်ရာတွင် အသုံးပြုသော ကုန်ချော ၁၅ တန်ထွက်ရှိကာ မွေးမြူရေးကဏ္ဍကိုပါ အားပေးအထောက်အကူပြုနိုင်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျွန်းစုမြို့နယ် ပထော်ကျေးရွာရှိ ကဏန်းပျော့မွေးမြူရေးစခန်းသို့ ရောက်ရှိပြီး ကဏန်းပျော့ကောင်ရေ ခြောက်သိန်း စနစ်တကျမွေးမြူထားရှိမှု၊ ကဏန်းပျော့မွေးမြူရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ နိုင်ငံခြားသို့ တင်ပို့ရောင်းချရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များလိုက်ပါလျက် နံနက် ၁၀နာရီတွင် မြိတ်မြို့ အောင်မင်္ဂလာရပ်ကွက် အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အလှူရှင် ASK အက်ဒမန်လီမိတက်မှ ဒါရိုက်တာ ဦးမောင်စစ်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်များကို ခန်းမဆောင်၌ ဆက်လက်ကျင်းပရာ ASK အက်ဒမန်လီမိတက်မှ ဒါရိုက်တာ ဦးမောင်စစ်က ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ASK အက်ဒမန်လီမိတက်မှ အထွေထွေမန်နေဂျာ ဦးအယ်လဗင်တောင်က ကျောင်းဆောင်သစ်ဆောက်လုပ်မှုဆိုင်ရာ မှတ်တမ်းကို လွှဲပြောင်းပေးအပ်ရာ အမှတ်(၁) အခြေခံပညာဦးစီးဌာနကိုယ်စား တိုင်းပညာရေးမှူး ဦးသိန်းအောင်က လက်ခံသည်။

ဆက်လက်၍ အက်ဒမန်လီမိတက်မှ ဒါရိုက်တာ ဦးမောင်စစ်က အောင်မင်္ဂလာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်က လက်ခံသည်။

ထို့နောက် ASK အောင်မင်္ဂလာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တိုင်းပညာရေးမှူး ဦးသိန်းအောင်က ပညာရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်လိုက်သည့် ကျောင်းဆောင်သစ်အတွင်း ဒေသခံပြည်သူတို့၏ သားသမီးများအနေဖြင့် မိုးလုံလေလုံစွာဖြင့် အေးချမ်းစွာ ပညာသင်ကြားနိုင်ကြတော့မည်ဖြစ်၍ များစွာဝမ်းသာဂုဏ်ယူမိကြောင်း၊ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အတွင်း နယ်စပ်ဒေသများပါမကျန် အကြားအလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ် စီမံကိန်းကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ပညာရည်မြင့်မားရေးသာမက နိုင်ငံတော်အတွင်း ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းနေနိုင်ရေးအတွက် စီမံချက်ချ ဆောင်ရွက်လျက်ရှိရာ ယခုပညာသင်နှစ်တွင် ၉၇ ရာခိုင်နှုန်းအထိ တိုးတက်လာပြီဖြစ်ကြောင်း၊ အလားတူ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတစ်ဝန်းလုံး အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်ပေးပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တိုးတက်ပြောင်းလဲလာသော ပညာခေတ်ကြီးကို မိမိတို့ရင်ဆိုင်နိုင်ရေးအတွက် မူလတန်းကျောင်းများသည် အခြေခံကျကြောင်း၊ ဤကျောင်းဆောင် ဖြစ်ပေါ်လာရေးအတွက် အလှူရှင်ကုမ္ပဏီအနေဖြင့် ဒေသအတွက် စိတ်ရင်းစေတနာအပြည့်ဖြင့် လှူဒါန်းဆောက်လုပ်ပေးခဲ့၍ များစွာဝမ်းမြောက်ဂုဏ်ယူမိကြောင်း၊ ဤမူလတန်းကျောင်းမှတစ်ဆင့် နိုင်ငံတော်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသည့် နိုင်ငံသားကောင်းများပေါ်ထွက်လာရေးအတွက် ဆရာ၊ ဆရာမများက ကြိုးစား၍ ပညာသင်ကြားပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ASK အက်ဒမန်လီမိတက်က ငွေကျပ်သိန်း ၃၈၀ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကျောင်းဆောင်သစ်မှာ အလျားပေ ၂၁၀၊ အနံပေ ၃၀၊ အမြင့် ၁၂ပေရှိ အင်္ဂတေခင်း၊ အုတ်ကာ၊ သွပ်မိုး အဆောက်အအုံဖြစ်ကာ စာသင်ခန်း ခြောက်ခန်း၊ ရုံးခန်းတစ်ခန်းနှင့် ဆရာ၊ ဆရာမများ နားနေခန်း အပါအဝင် အခန်းရှစ်ခန်း ပါရှိကြောင်းသိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်းလွဲပိုင်းတွင် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြွယ်၊ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုနှင့် ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်စိုးတို့က မိမိတို့ခရိုင်အလိုက် ဒေသဝမ်းစာဖူလုံရေး ဆောင်ရွက်နေမှု၊ နှစ်ရှည်သီးနှံ ဆီအုန်းနှင့် ရော်ဘာတိုးတက် စိုက်ပျိုးနေမှု၊ ငရုတ်ကောင်း တိုးချဲ့စိုက်ပျိုးနေမှု၊ နှစ်အလိုက် စိုက်ပျိုးနိုင်မှုနှင့် ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း စိုက်ပျိုးရန် လျာထားမှုတို့ကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က တနင်္သာရီတိုင်းအတွင်း ဒေသဝမ်းစာဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ မြေယာဖော်ထုတ်မှု၊ ဆီအုန်းဧကငါးသိန်းနှင့် ရော်ဘာဧက နှစ်သိန်းပြည့်မီစိုက်ပျိုးနိုင်ရေးအတွက် စီမံကိန်းချ ဆောင်ရွက်နေမှု၊ မြိတ်မြို့သစ်ဖော်ထုတ်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ တိုင်း၏ စီးပွားရေးကဏ္ဍ၊ သတ္တုထုတ်လုပ်မှု၊ ရေထွက်ပစ္စည်းထုတ်လုပ်မှု၊ နိုင်ငံတော်၏ ဂျီဒီပီတိုးတက်မှုနှုန်းတွင် တနင်္သာရီတိုင်းက ပါဝင်ဆောင်ရွက်နိုင်မှု၊ လူတစ်ဦးချင်း ဝင်ငွေတိုးတက်မှု၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများ အပါအဝင် ကဏ္ဍအလိုက် သုံးသပ်တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာရေးအတွက် ကဏ္ဍအလိုက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံအဆောက်အအုံများ ခိုင်မြဲစေရေးအတွက် တစ်ဖက်က ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နေသကဲ့သို့ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးအခြေခံကောင်းများ ရရှိရေးအတွက် ပြည်တွင်းမှ စီးပွားရေးလုပ်ငန်းရှင်များကိုလည်း နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေရန် လမ်းဖွင့်ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသော်လည်း တစ်ဖက်က စက်မှုကဏ္ဍများ ဖွံ့ဖြိုးရေးအတွက် စက်မှုဇုန် ၁၉ ဇုန်ကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တနင်္သာရီတိုင်းသည် ကျွန်းပေါင်း ၈၀၀ကျော်ဖြင့် ဖွဲ့စည်းထားပြီး သယံဇာတပေါကြွယ်ဝကာ ရေထွက်ပစ္စည်းများကို နိုင်ငံခြားသို့ အများဆုံးတင်ပို့ရောင်းချနိုင်ကြောင်း၊ ရော်ဘာနှင့် ဆီအုန်းစိုက်ပျိုးမှုတွင်လည်း အခြေအနေပေးသကဲ့သို့ သတ္တုကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍတို့၌လည်း အလားအလာကောင်းကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက တနင်္သာရီတိုင်းကို နိုင်ငံတော်အတွက် အားထားရမည့် တိုင်းအဖြစ် မျှော်မှန်းထားရာ တာဝန်ရှိသူများအနေဖြင့် ဒေသခံများနှင့် ပူးပေါင်းလက်တွဲကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း၊ ဒေသဝမ်းစာ ရာနှုန်းပြည့်ဖူလုံရေး၊ ဆီအုန်းနှင့် ရော်ဘာကိုလျာထားဧကအတိုင်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး၊ မြိတ်မြို့သစ် တည်ဆောက်ရေးကို စနစ်တကျ ဥပဒေနှင့်ညီညွတ်စွာဖြင့် လျင်လျင်မြန်မြန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့ကို ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးအတွက်လည်း ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းစသည်ဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ စန္ဒဝတီကုန်းမြေတွင် တည်ထားသည့် မဟာသိဒ္ဓိဇယ (ရွှေတိဂုံပုံတော်တူ) စေတီတော်သို့ရောက်ရှိ ဖူးမြော်ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဘုရားပရိဝုဏ်အတွင်း ဆောက်လုပ်ပြီးဖြစ်သည့် သာသနိက အဆောက်အအုံများနှင့် ဆောက်လုပ်ဆဲ အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညွှန်ကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၅) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနမှထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၅)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅) စတုတ္ထနေ့ အစည်းအဝေးသို့ တက်ရောက်သြဝါဒစကား ပြောကြားသည့်သတင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည့်သတင်း၊ ကျော်ဇင်ညွှန့် (တရားရုံးချုပ်ရှေ့နေ)၊ တက္ကသိုလ်မြတ်သူ၊ သိန်းစိန် (အမျိုးသားစာပေ၊ ၁၉၆၅ခုနှစ်)၊ စန်းနီလာဝင်း၊ ဦးလှမင်း၊ နီငြိမ်း (အညာတက္ကသိုလ်)၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၊ မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)၊ ကြည်လင်း (ဆေး)၊ ဦးတင်ငွေတို့၏ မှတ်ဖွယ်မှတ်ရာဆောင်းပါးများ၊ သန်းအောင် (အညာမြေ)၏ ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိ

ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်းပေါ်၌ အမှတ်(၁)ပေါက်တံတား(အုန်းတော)ဖွင့်ပွဲကျင်းပ

ဖဲကြိုးဖြတ်ဖွင့်လှစ်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့ မကွေးတိုင်းပေါက်မြို့နယ် အမှတ်(၁)ပေါက်တံတား(အုန်းတော)ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။

(ဆောက်လုပ်ရေး)

ရန်ကုန် ဇူလိုင် ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အမှတ်(၁)ပေါက်တံတား (အုန်းတော)တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့က မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ် ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါ လမ်းမိုင်တိုင်(၄၂/၆)၌ ယောချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးပြီဖြစ်သည့် အမှတ်(၁)ပေါက်တံတား(အုန်းတော)ဖွင့်ပွဲကို ဇူလိုင် ၁၃ရက် နံနက်ပိုင်းတွင် အဆိုပါတံတားဖွင့်ပွဲ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ပခုက္ကူတပ်နယ်မှ ဗိုလ်မှူးကြီးမောင်မောင်အုန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ကြိုးပမ်းဆောင်ရွက်

အစီအစဉ်အရ ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် စီးပွားရေးအခြေခံ အဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ချိန်တည်းမှာပင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြု၍ အဓိကကျပြီး အထူးလိုအပ်သော လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်လာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုဖွင့်လှစ်သည့် အမှတ်(၁)ပေါက်တံတား (အုန်းတော) သည် ၁၉၈၈ခုနှစ်နောက်ပိုင်း တစ်နိုင်ငံလုံး၌ အရှည်ပေ ၁၈၀နှင့်အထက်ရှိ ၁၈၅စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်တံတားဖြစ်ကြောင်း၊ မကွေးတိုင်းအတွင်းတွင် မြန်မာနိုင်ငံ၌ ဒုတိယအရှည်ဆုံးဖြစ်သည့် ရေဝတီတံတား (မကွေး)အပါအဝင် ပေ ၁၈၀နှင့်အထက်တံတားကြီး ၁၃စင်း ဖွင့်လှစ်ပေးပြီးဖြစ်၍ ယခုတံတားမှာ ၁၄စင်းမြောက်ဖြစ်ကြောင်း။

ပေါက်မြို့သည် ဂန့်ဂေါ၊ ဆော စသည့် ယောဒေသ တစ်ခုလုံးနှင့် ချင်းပြည်နယ်တို့ ထွက်ပေါက်ဝတွင်ရှိ၍ ယင်းတံတားသည် အရေးပါလှကြောင်း၊ အမှတ် (၁)ပေါက်တံတား(အုန်းတော)သည် ဇူလိုင် ၁၁ရက်ကဖွင့်လှစ်ခဲ့သည့် အမှတ်(၂)ပေါက်တံတား(ရေပြာ)ကဲ့သို့ ယောချောင်းကို ဖြတ်၍ တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ယခုနေရာမှာလည်း ယောချောင်းသည် ကျယ်ပြန့်၍ အလယ်တွင် ကျွန်းကဲ့သို့ ဖြစ်နေခြင်းကြောင့် ပေါက်တံတား(ရေပြာ)ကဲ့သို့ အပိုင်းလိုက်တည်ဆောက်ထားကြောင်း၊ ယင်းတံတား၏ သစ်သားတံတားအပိုင်းများကိုလည်း နောင်တွင် သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်သွားရန် စီစဉ်ထားရှိကြောင်း၊ ဘေလီတံတားပေ ၄၈၀ အပိုင်းကိုလည်း တံတားအောက်ထည်ကို သံကူကွန်ကရစ်ဖြင့် အခိုင်အမာတည်ဆောက်ထားပြီး အပေါ်ထည်ဘေလီကို နောင်တွင် သံကူကွန်ကရစ်ဖြင့် အစားထိုးတည်ဆောက်ရန် စီစဉ်ထားကြောင်း။

ဤတံတားကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်က စတင်တည်ဆောက်ခဲ့ပြီး ဖွင့်လှစ်ချိန်အထိ တည်ဆောက်ချိန် ငါးလသာကြာခဲ့ကြောင်း၊ ယခု တံတားတည်ဆောက်ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် အမှတ်(၂)ပေါက်တံတား(ရေပြာ)နှင့် ဆက်စပ်၍ ပခုက္ကူ-ပေါက်အပိုင်းတွင် ရေပြာ-အုန်းတောဖြတ်လမ်းမှ ပေါက်သို့သွားနိုင်ပြီဖြစ်ရာ မူလလမ်းကြောင်းထက် တစ်မိုင်ခွဲနီးပါး ပိုနီးသွားမည်ဖြစ်ကြောင်း။

အလားတူဆိပ်ဖြူမှ ပေါက်သို့ ဆိပ်ဖြူ-ကံမ-ရေပြာ-ပေါက်လမ်းအတိုင်း ၇၈မိုင်ခြောက်ဖာလုံဝေးရာမှ ဆိပ်ဖြူ-အုန်းတောလမ်းသစ်မှ အုန်းတောတံတားကိုဖြတ်၍သွားလျှင် ၅၃မိုင်သာရှိ၍ ၂၅မိုင်ခန့် သက်သာသွားမည်ဖြစ်ကြောင်း၊ ပုသိမ်ဘက်သို့လည်း တိုက်ရိုက်သွားနိုင်အောင် ကန်ဇွန်းမမှ ရေပြာ-အုန်းတောလမ်းနှင့် ဆက်စပ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများ ပိုမိုတိုးတက် ရရှိလျက်ရှိကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို မသိကျိုးကျွံပြု၍ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်မှု ပျက်ပြားပြိုကွဲအောင် လှုံ့ဆော်ဖန်တီးနေသော ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ သွေးထိုးသပ်လျှိုမှုများကို နားမယောင်ဘဲ လက်ရှိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်သူများ တက်ညီလက်ညီ လက်တွဲပူးပေါင်း၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန်နှင့် ဤတံတားကြီး ရေရှည်တည်တံ့စွာအသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက နိုင်ငံတော်အတွင်း လမ်းများ၊ တံတားများ၊ လေယာဉ်ကွင်းများ တည်ဆောက်နေခြင်းသည် မြစ်ခြား၊ ချောင်းခြားဖြစ်နေသော ဒေသအားလုံး တစ်ဆက်တစ်စပ်တည်းရှိလာပြီး တိုင်းရင်းသားညီအစ်ကိုများအကြား အသိပညာဗဟုသုတများ ရင်းရင်းနှီးနှီးဖလှယ်နိုင်ရန်၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ကုန်စည်ရောင်းဝယ်ဖလှယ်နိုင်ရန် စသည့် ကျယ်ပြန့်သောစီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်လာရေးအကျိုးဆက်များ အတွက်ကြောင့်ပင် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ခရီးလမ်းပန်း လုံခြုံချောမွေ့စေရေးအတွက် ပြည်နယ်/ပြည်မ မခွဲခြားဘဲ တစ်သားတည်းဖြစ်အောင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးကို စီမံဆောင်ရွက်လျက်ရှိရာ နယ်မြေဒေသအလိုက် လမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ လမ်းများအဆင့်မြှင့်တင်ခြင်း၊ လမ်းများနှင့်အတူ တံတားကြီးများ၊ တံတားငယ်များကိုလည်း တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပခုက္ကူခရိုင်၌ ၁၉၈၈ ခုနှစ်မတိုင်မီက လမ်းအရှည် ၂၈၁ မိုင် ငါးဖာလုံရှိခဲ့ရာမှ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် လမ်းအရှည် ၄၀၂ မိုင် တစ်ဖာလုံရှိလာခဲ့သည့်အတွက် လမ်းမိုင်ပေါင်း ၁၁၆ မိုင် လေးဖာလုံအထိ တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း၊ တံတားတည်ဆောက်မှုမှာလည်း ၁၉၈၈ ခုနှစ်မတိုင်မီက ပေ ၁၈၀ နှင့်အထက် တံတားကြီးတစ်စင်းသာရှိခဲ့ရာမှ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ယခုဖွင့်လှစ်သည့် အုန်းတောတံတားအပါအဝင် လေးစင်း ရှိလာခဲ့သည့်အတွက် တံတားကြီး သုံးစင်းထပ်မံ တည်ဆောက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် အမှတ်(၁) ပေါက်တံတား (အုန်းတော)မှာ တစ်လွှာတစ်ထပ်ဘေလီတံတားနှင့် သစ်သားတံတားများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော တံတားကြီးတစ်စင်းဖြစ်ပြီး တံတားအရှည် စုစုပေါင်းမှာ ပေ ၁၈၄၀ ဖြစ်ကြောင်း၊ အုန်းတောတံတားကို တည်ဆောက်ဖွင့်လှစ်လိုက်သည့်အတွက် ပေါက်မြို့မှ ဆိပ်ဖြူ-ကန်တော-ပေါက်လမ်းအတိုင်း ဆိပ်ဖြူမြို့သို့လည်းကောင်း၊ ပခုက္ကူမြို့သို့လည်းကောင်း၊ ဖောက်လုပ်ဆဲ ပုသိမ်-မုံရွာလမ်း ပြီးစီးသည့်အခါ ကန်ဇွန်းမမှတစ်ဆင့် ဇူလိုင် ၁၁ရက်က ဖွင့်လှစ်ခဲ့သော ရေပြာတံတားကိုဖြတ်၍ မုံရွာမြို့သို့လည်းကောင်း လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်တော့မှာဖြစ်ကြောင်း။

တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများအနေဖြင့် မိမိတို့ ရပ်ရွာတွင်းမှာရှိသည့် တည်ဆောက်ပြီး တံတားကြီးများကို မပျက်မစီးရအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် အထူးမှာကြားလိုကြောင်းနှင့် တံတားကြီးကို အချိန်တိုအတွင်း ပြီးစီးအောင် တည်ဆောက်ပေးခဲ့ကြသည့် ဝန်ထမ်းများနှင့် လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့ကြသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများအား အထူးကျေးဇူးတင် ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူ ဦးမိုးကိုကိုက တံတားကြီးတည်ဆောက် ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် တံတားကြီးရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဧည့်ပရိသတ်များသည် တံတားကြီးဖွင့်လှစ်မည့် မုခ်ဦးနေရာသို့ သွားရောက်နေရာယူကြပြီးနောက် မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က အမှတ်(၁)ပေါက်တံတား(အုန်းတော)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဧည့်ပရိသတ်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကာ တံတားကို ဖြတ်သန်းကြည့်ရှု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုဖွင့်လှစ်လိုက်သည့် အမှတ်(၁)ပေါက်တံတား (အုန်းတော)မှာ ယောချောင်းကိုဖြတ်၍ တည်ဆောက်ထားပြီး တံတားမှာ သစ်သားတံတားအပိုင်းတွင် အရှည်ပေ ၄၈၀၊ ကွန်ကရစ်တိုင်စင်နှင့် အပေါ်ထည်ဘေလီ အပိုင်းတွင် အရှည်ပေ ၄၈၀၊ မြေသားတာပေါင်အပိုင်းတွင် ပေ ၈၈၀၊ စုစုပေါင်းအရှည်ပေ ၁၈၄၀ ရှိပြီး တစ်လမ်းသွား တံတားဖြစ်ကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် တန် ၂၀ ဖြစ်သည်။

(သတင်းစဉ်)

လူမှုဝန်ထမ်းဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ ဝန်ကြီးဗိုလ်ချုပ်စိန်ထွားတက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၀၅ ခုနှစ် ပထမခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပြည်နယ်၊ တိုင်း ဦးစီးအရာရှိများက လုပ်ငန်းများ ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အစီရင်ခံတင်ပြကြသည်။ (အောက်ပုံ)

ဖြည့်စွက်ဆောင်ရွက်

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ပြည်နယ်၊ တိုင်းဦးစီးဌာနမှူးများ၏ တင်ပြချက်များအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးပြီး လိုအပ်သည်ကို ဖြည့်စွက်ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးက လူမှုဝန်ထမ်းလုပ်ငန်းများအပြင် ဝန်ထမ်းစိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထားရှိရန်နှင့် ဒို့တာဝန်အရေး(၃)ပါး၊ နိုင်ငံရေးဦးတည်ချက်(၁၂)ရပ်ကို ဦးထိပ်ထားပြီး စိတ်စေတနာကောင်းမွန်စွာဖြင့် ဆက်လက်လုပ်ဆောင်သွားရန်၊ လူမှုဝန်ထမ်းဦးစီးဌာန၏ဂုဏ်ကို ထိန်းသိမ်းသွားကြရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

အခြေခံစီးပွားရေးဖြစ်သည့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အကောင်အထည်ဖော်ရာတွင် အောက်ခြေအထိကွင်းဆင်းပြီး ပြည်သူများ၏လိုအပ်ချက်များဖြည့်ဆည်းပေး

ရန်ကုန် ဇူလိုင် ၁၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၁ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာကြရာ နံနက် ၇နာရီမိနစ် ၅၀တွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ဗိုလ်မြတ်ထွန်း တံတားသို့ရောက်ရှိကြပြီး ထိုမှတစ်ဆင့် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့်အတူ ဆက်လက်ထွက်ခွာလာရာ နံနက် ၁၁နာရီတွင် ဧရာဝတီတိုင်းနှင့်ရခိုင်ပြည်နယ် နယ်စပ်ဖြစ်သော ငါးသိုင်းချောင်း-ဂွ-သံတွဲ-တောင်ကုတ်ကားလမ်း မိုင်တိုင်အမှတ်(၂၈/၄)ရှိ ဗေဒါစခန်းသို့ရောက်ရှိကြသည်။

ထို့နောက် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲ ၁၂နာရီမိနစ် ၅၀တွင် ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ်သို့ ရောက်ရှိကြပြီး မြန်မာ့စီးပွားရေးဘဏ် ဂွမြို့နယ် မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီတွင် ဂွမြို့အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ဌာနဆိုင်ရာများ၊မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ဂွမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ မြေယာအသုံးချမှု၊ လယ်ယာကဏ္ဍ ဆောင်ရွက်မှု၊ ဝမ်းစာဖူလုံမှု၊ အဓိကသီးနှံ ၁၀မျိုးစိုက်ပျိုးထုတ်လုပ်မှု၊ ငရုတ်ကောင်း ပျိုးထောင်စိုက်ပျိုးမှု၊ ရော်ဘာစိုက်ပျိုးရန် ဆောင်ရွက်ထားရှိမှု၊ ပညာရေးနှင့် ကျန်းမာရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်မြို့နယ်၏ လိုအပ်ချက်များကိုရှင်းလင်းတင်ပြရာ သံတွဲခရိုင်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး ခင်ဝင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကိုညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာ၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာစေရန် အဓိကလိုအပ်ချက်ဖြစ်သော နယ်မြေ အေးချမ်းသာယာပြီး တည်ငြိမ်မှုရှိစေရေး၊ စီးပွားရေး ကောင်းမွန်ရေး၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံတော်က လိုအပ်သည့် စီမံကိန်းများ၊ အစီအမံများကို ချမှတ်ပေးလျက်ရှိကြောင်း၊ အထူးသဖြင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်စေရန်လိုအပ်သည့် အခြေခံအဆောက်အအုံများကို ကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိကြောင်း၊ သာဓကအားဖြင့် ရခိုင်ပြည်နယ်တွင် အဓိကကုန်းလမ်း ဝင်ပေါက်ဖြစ်သည့် မင်းဘူး-အမ်းလမ်း၊ ပန်းတောင်း-တောင်ကုတ်လမ်း၊ ငါးသိုင်းချောင်း-ဂွလမ်းတို့ကို အခြေခံ၍ ပြည်နယ်အတွင်းတွင်လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းသို့လည်းကောင်း သွားလာနိုင်စေရန် ကားလမ်းများတိုးချဲ့ဖောက်လုပ်ပေးပြီးဖြစ်သည့်အပြင် ပေ ၁၈၀ အထက် တံတားကြီး ၃၁စင်းကိုလည်း ငွေအမြောက်အမြား အကုန်အကျခံ ဆောက်လုပ်ပေးထားပြီး ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စေတနာကို တာဝန်ရှိသူများနှင့် ပြည်သူများအနေဖြင့် နားလည်သဘောပေါက်ပြီး နိုင်ငံတော်၏ အစီအမံများ အောင်မြင်စေရန် အားသွန်ခွန်စိုက်ဆောင်ရွက်ကြရန် လိုကြောင်း၊ အထူးသဖြင့် အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ကြရန် လိုကြောင်း၊အထူးသဖြင့်မိုးစပါး၊ရော်ဘာနှင့် ငရုတ်ကောင်းတို့ကို တိုးချဲ့စိုက်ပျိုးရန်နှင့် ရေငန်ပုစွန်မွေးမြူရေးနှင့် ဒေသကြက်မွေးမြူရေးကို တိုးချဲ့ဆောင်ရွက်ရန်လိုကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ခြေအထိ ကွင်းဆင်းပြီး ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကို တက်ညီလက်ညီ ပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားကာ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ်အနေဖြင့် ၂၀၀၅ခုနှစ် မိုးစပါးကိုယခင်နှစ်ကထက် ဧက ၁၀၀၀ တိုးချဲ့၍ ၂၁၆၂၁ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ယခုအထိ ဧက ၁၅၀၁၀ ပျိုးထောင်ထားရှိပြီး ၆၂၄ဧကကို အပြီးစိုက်ပျိုးပြီးဖြစ်သည်။

ထို့အပြင် ဂွမြို့နယ်၌ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ငရုတ်ကောင်းကို တစ်ကွင်းတစ်စပ်တည်း ဧက ၃၀၀စိုက်ပျိုးမည်ဖြစ်ရာ စုစုပေါင်းငရုတ်ကောင်းပျိုးပင် ၂၅၀၀၀၀ကို ပျိုးထောင်ဖြန့်ဝေ၍ စိုက်ပျိုးပြီးဖြစ်သည်။

ရော်ဘာ စိုက်ပျိုးမှုတွင် ရော်ဘာ ၁၉၅ဧကစိုက်ပျိုးရန်အတွက် စုစုပေါင်းအပင် ၄၀၀၀ပျိုးထောင်ပြီး စိုက်ပျိုးရန်ဖြန့်ဝေပေးပြီးဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်နယ်သို့ ရောက်ရှိကြပြီး တပ်နယ်ခန်းမ၌ ဂွတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် ဂွမြို့နယ် ရွာသစ်ကုန်းကျေးရွာရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာနမြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှု လုပ်ငန်း၏ ရော်ဘာခြံခွဲသို့ ရောက်ရှိကြပြီး ရော်ဘာအစို့ဖောက် ပျိုးခင်းအတွင်း မျိုးသန့် Polyclone ရော်ဘာမျိုးစေ့ ၁၅၀၀၀၀အား အစို့ဖောက်စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းမှ လက်ထောက်ကြီးကြပ်ရေးမှူးဦးကျော်ဝင်းက ဂွမြို့နယ် ကျေးရွာအုပ်စုများတွင် ရော်ဘာဧက ၅၀၀ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မျိုးသန့်စေ့များ အစို့ဖောက် စိုက်ပျိုးထားရှိမှုနှင့် ဖြန့်ဖြူးပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးယုတင်၊ ပြည်နယ်မန်နေဂျာ ဦးအောင်ကျော်မင်းနှင့် သံတွဲခရိုင်မန်နေဂျာ ဦးနိုင်ဦးတို့က ၂၀၀၆ ခုနှစ်တွင် ဂွမြို့နယ်ရှိ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင်များအတွက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက ရော်ဘာ မျိုးသန့်စေ့ပျိုးပင်ပေါင်း ၄၀၀၀၀ ပျိုးထောင်ထားရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် ဂွမြို့နယ်ရှိ ကမ်းသာယာသို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဂွမြို့နယ် ရွာသစ်ကုန်းကျေးရွာရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၏ ရော်ဘာခြံခွဲတွင် ရော်ဘာမျိုးစေ့များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

၂၀၀၄-၂၀၀၅ ပညာသင်နှစ်မိဘဆရာ အသင်းနှစ် ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဇူလိုင် ၂ရက်က အလက (၁) ပန်းဘဲတန်းတွင် ကျင်းပရာစတုတ္ထတန်း၌ ပညာရည်ချွန်ဆု ရရှိသောမနန်းအုံချစ်အား ကျောင်းအကျိုးတော်ဆောင် ဦးစံလင်း ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗဟန်း (၁)လမ်း ပအိုဝ်းအမျိုးသားဓမ္မာရုံတွင် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဥတ္တမ တောင်ကြီးကျောင်းတိုက် ပဓာနဆရာတော် အမှူးထား၍ ရန်ကုန်မြို့ပအိုဝ်းကျောင်းတိုက် ၁၆ ကျောင်းမှ သံဃာတော်များအား ဇူလိုင် ၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်မည်ဖြစ်ရာ ကုသိုလ်ရှင်များ သင်္ကန်းများနှင့်ပစ္စည်းများလာရောက်လှူဒါန်းနိုင်သည်။ (က-ပ)

ပြည်တွင်းခရီးသွားများအတွက် ခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဇူလိုင် ၁၄

မြန်မာ့ခရီးသွားလုပ်ငန်းဌာနသည် ပြည်တွင်းခရီးသွားများ မြန်မာပြည်အနှံ့ ရာသီမရွေး လွယ်ကူစွာ ခရီးသွားလာနိုင်ရေးအတွက် ခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးနေရာ မိုးရာသီကာလ မိုးနည်းပါးသည့်ဒေသများဖြစ်သည့် ရန်ကုန် - ပုဂံ- ပုပ္ပား- ရန်ကုန် (၃ ည/ ၄ရက်) ခရီးစဉ်၊ ရန်ကုန် - တောင်ကြီး- အင်းလေး- ပင်းတယ - ကလော- ရန်ကုန် (၄ ည/ ၅ ရက်) ခရီးစဉ်များကို ပုံမှန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် အစုအဖွဲ့လိုက် ခရီးစဉ်များ ဖြစ်သည့် ရန်ကုန်- ကျိုင်းတုံ - တာချီလိတ် - ရန်ကုန် (၄ည/ ၅ ရက်)ခရီးစဉ်၊ ရန်ကုန် - စစ်တွေ - မြောက်ဦး- ရန်ကုန်(၄ ည/ ၅ရက်) ခရီးစဉ်၊ ရန်ကုန်-ပြင်ဦးလွင်- လားရှိုး- မူဆယ်- ရန်ကုန်(၄ည/၅ရက်) ခရီးစဉ်နှင့် ရန်ကုန်- မြစ်ကြီးနား(မြစ်ဆုံ)- ရန်ကုန်(၂ည/၃ရက်) စသည့်ခရီးစဉ်များကိုလည်း ခရီးသွားရောက်လိုသူများဆန္ဒအရ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အသေးစိတ် သိရှိလိုပါက မြန်မာ့ခရီးသွားလုပ်ငန်းဌာန အမှတ်(၇၇/၉၁) ဆူးလေဘုရားလမ်း၊ ရန်ကုန် ဖုန်း ၂၅၂၈၅၉ နှင့် ၃၈၇၀၀၂ သတင်းနှင့်ပြန်ကြားရေးဌာနသို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့်သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

ကျောက်ဆည်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့်အသက် (၇၅) နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲကို ဇူလိုင် ၁၆ရက် နံနက် ၈နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များနှင့်အသင်းမဝင်ရသေးသော ကျောက်ဆည်၊စဉ့်ကိုင်၊ မြစ်သား နှင့်တံတားဦးမြို့နယ်များမှ အသင်းသားအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ပန်းမော်-တကောင်း-မန္တလေးလမ်းမကြီး ဆောက်လုပ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် တကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၄

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် ရွှေကူမြို့မှ မော်တော်ယာဉ်များဖြင့် မြစ်ကြီးနား-ဗန်းမော်-တကောင်း-မန္တလေးလမ်းအတိုင်း ထွက်ခွာလာကြရာ နံနက် ၈နာရီ၁၀မိနစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄) ငါးအိုး-မဘိမ်းလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းရုံးသို့ ရောက်ရှိကြသည်။

စီမံကိန်း ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်အား ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ်(လမ်း) ဦးမောင်မောင်နှင့် လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁၄)မှ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမြင့်တို့က ငါးအိုး-မဘိမ်းလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ငါးအိုး-မဘိမ်းလမ်း အမြန်ပြီးစီးအောင်ဖောက်လုပ်ရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မဘိမ်းမြို့နယ် ငါးအိုးကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ လူနာဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးရာ စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

လုပ်ငန်းရှင်များ၏လိုအပ်ချက်များကို ဥပဒေနှင့်အညီ စောင့်ရှောက်အကူအညီပေးမည် ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရာတွင် တိုင်းပြည်စီးပွားရေး တောင့်တင်းရန်လို တိုင်းရင်းသားလုပ်ငန်းရှင်များက ရေရှည်ရည်မှန်းချက်ဖြင့် အမြင်ကျယ်ကျယ်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၄

တနင်္သာရီတိုင်း မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပထော်ကျေးရွာ၌ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်နှင့် အောင်မြတ်ဖြိုး အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်တို့ တာဝန်ယူ တည်ဆောက်ပြီးစီးခဲ့သည့် ပထော်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ရက် နံနက် ၈နာရီတွင် အဆိုပါ ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်အမှာစကားပြောကြားပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဇနီး ဒေါ်နုနုဆွေ၊ တနင်္သာရီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ၊ မင်္ဂလာစည်တော်အဖွဲ့၊ ပန်းဖွားအကအဖွဲ့ဝင်များ စုစုပေါင်း ၂၅၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်နှင့် အောင်မြတ်ဖြိုး အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာအောင်လွင်က ပထော်ရေလှောင်တမံ တည်ဆောက်ရခြင်း ရည်ရွယ်ချက်နှင့် တည်ဆောက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။ စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနင်္သာရီတိုင်း မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပထော်ကျေးရွာ၌ တည်ဆောက်ပြီးစီးခဲ့သည့် ပထော်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(အပေါ်ပုံ) (သတင်းစဉ်)

ထူးကဲဒီရေ သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၁၄

၂၀၀၅ခုနှစ် ဇူလိုင် ၂၁ရက်မှ ဇူလိုင် ၂၆ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ဒသမ ၁၀ပေခန့်မှ ၂၁ဒသမ ၀၃ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က သတိပေးထားသည်။

(သတင်းစဉ်)